ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်၊ တနင်္ဂနွေနေ့၊ (13-1-2008) (၅၅၆၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၀၀၇–၂၀၀၈ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်၍ ပါဝင်ဆင်နွှဲ

နေပြည်တော် ဇန်နဝါရီ ၁၂

၂၀၀၇–၂၀၀၈ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ဂေါက်ကွင်း (Naypyitaw Golf Course)၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်၍ ပါဝင်ဆင်နွှဲသည်။

တက်ရောက်

ရှေးဦးစွာ ၂၀၀၇–၂၀၀၈ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နံနက် ၆နာရီတွင်ကျင်းပရာ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှတပ်မတော်အရာရှိကြီးများ၊ ကာကွယ် ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိ ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီ ဝင်များ၊ ပြိုင်ပွဲဝင်အသင်း ၁၆ သင်းတို့မှ ဂေါက်သီးရိုက်အားကစားသမားများ တက်ရောက် ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး ၂၀၀၇–၂၀၀၈ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ ၂၀၀၇–၂၀၀၈ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်း အနားကို တက်ရောက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၃-၁-၂၀၀၈
(တနင်္ဂနွေနေ့)

မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် မိမိတို့ရိုးရာယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားထိန်းသိမ်းရေးသည် အရေးကြီးသည်။ မိမိတို့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း မရှိပါက အမျိုးဂုဏ်၊ ဇာတိဂုဏ် လျော့ပါးပြီး နိုင်ငံနှင့်လူမျိုးပါ ပျောက်ကွယ်သွားနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

မျက်မှောက်အချိန်အခါတွင် သိပ္ပံနှင့်နည်းပညာရပ်များ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ ကမ္ဘာ့နိုင်ငံများအကြား ဆက်စပ်ယှက်နွယ် ပြောင်းလဲမှုများ ပေါ်ပေါက်လျက်ရှိသည်။ ကမ္ဘာ့နိုင်ငံကြီးအချို့က ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် နိုင်ငံရေးကွန်ရက်ဖြန့်ကြက်နိုင်ရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိသည်။

ဓနအင်အားနှင့် နည်းပညာစွမ်းအားတွင် အသာစီး ရရှိနေသည့် နိုင်ငံကြီးအချို့က ခေတ်မီသတင်းနှင့် ဆက်သွယ်ရေး နည်းပညာများ အသုံးပြု၍ ယင်းတို့၏ ယဉ်ကျေးမှုနှင့် လူမှုဓလေ့စရိုက်များ စိမ့်ဝင်ထိုးဖောက်လာသည်ကို တွေ့ရသည်။ အထူးသဖြင့် လူငယ်လူရွယ်များအပေါ် တေးဂီတ၊ အနုပညာ အဆို၊ အက၊ ဝတ်စားဆင်ယင်မှုများမှ အစပြု၍ အတွေးအခေါ် အယူအဆနှင့် နေထိုင်မှု ဓလေ့စရိုက်များအထိ လွှမ်းမိုးလာလျက်ရှိသည်။

သိပ္ပံနှင့်နည်းပညာရပ်များ အသိအမြင်၊ ဗဟုသုတ၊ အတွေးအခေါ်များ ခေတ်နှင့်အညီ တိုးတက်မြင့်မားလာခြင်းသည် ကောင်းသော လက္ခဏာရပ်ဖြစ်သည်။ ပြောင်းလဲလာသော ခေတ်အလိုက် ဆန်းသစ်တီထွင်မှု ရှိရန်လည်း လိုအပ်ပေသည်။

သို့သော် ပြည်ပမှ တေးဂီတ၊ သီဆိုတင်ဆက်မှု၊ ဝတ်စားဆင်ယင်မှုများကို တစ်သဝေမတိမ်း အတုယူပြောင်းလဲကျင့်သုံးခြင်းမျိုး မရှိစေရန်မှ သတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။ အထူးသဖြင့် မြန်မာ့ယဉ်ကျေးမှုအမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင် ထုံးဖွဲ့မှု၊ မြန်မာ့ဓလေ့စရိုက်နှင့် မကိုက်ညီသည့် ပြုမူပြောဆိုမှု၊ နေထိုင်မှုများ မပြုလုပ်စေရေး ဝိုင်းဝန်း ထိန်းသိမ်းကြရမည်ဖြစ်သည်။

အမျိုးသားယဉ်ကျေးမှုကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မျိုးဆက်သစ် လူငယ်လူရွယ်များ အပါအဝင် နိုင်ငံသူ၊ နိုင်ငံသားအားလုံးနှင့် သက်ဆိုင်လျက်ရှိရာ မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့်အညီ ယဉ်ယဉ်ကျေးကျေး ဝတ်စားဆင်ယင် ပြုမူနေထိုင်ကြခြင်းဖြင့် အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးကို ထာဝစဉ်ထိန်းသိမ်းမြှင့်တင်နိုင်မည် ဖြစ်ပါသည်။ ။

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းကြီး တည်ဆောက်ရန်အတွက် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း (၁၀)မိုင် ချမ်းမြေ့သီတာလမ်းနေ ကိုဇော်ဝင်း မွေးနေ့အလှူအတွက် ငွေကျပ် ၁၀၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်ဦးထွန်း၊ ဦးသိန်းထွန်းတို့ လက်ခံယူစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း အင်းလျားကန်အတွင်း ဆယ်ယူရှင်းလင်းမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုး၊ ကော်မတီဝင် ဦးညီညီနှင့်တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ ၁၀ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အင်းလျားကန်ပေါင်သို့ရောက်ရှိပြီး အင်းလျားကန်ရေပြင် ကြည်လင်သန့်ရှင်းသာယာလှပရေး၊ တိမ်ကောမှု မဖြစ်စေရေး၊ မိုးရာသီကာလ၌ ရေပိုမိုသိုလှောင်ထိန်းထားနိုင်ရေးနှင့် ရေလျှံမှုများမဖြစ်စေရေးတို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့တော်ဝန်အား အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းနှင့် တာဝန်ရှိသူတို့က စက်ယန္တရားဖြင့် အင်းလျားကန်အတွင်းမှ သောင်များ၊ ဒိုက်ပင်နှင့် မှော်ပင်များ ဆယ်ယူရှင်းလင်းနေမှုလုပ်ငန်း ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ မြို့တော်ဝန်က လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ အမှတ်(၅၃)ရပ်ကွက်ရှိ ငွေကြာရံလမ်း၌ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်မှုဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဆောင်ရွက်ပြီးစီးသော စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် ဖွင့်လှစ်ပေးသည်။

ထို့နောက်ရန်ကုန်တိုင်းအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းထံ အမှတ်(၅၃) ရပ်ကွက်နေ ပြည်သူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာအစောင် ၁၃၀ကို ရပ်ကွက်ကိုယ်စားလှယ်တစ်ဦးက ပေးအပ်ပြီး တွဲဖက်အတွင်းရေးမှူးက အသိအမှတ်ပြုကတ်ပြားများပြန်လည်ပေးအပ်သည်။ (၁၉)

ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း အင်းလျားကန် ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

စမ်းချောင်းမြို့နယ် ဝေဠုဝန်အိမ်ရာနေ ကွယ်လွန်သူ ဦးမြင့်သိန်းအား ရည်စူး၍ ဇနီး ဒေါ်ရီရီဆွေ၊ သမီး ဒေါက်တာရီစန္ဒာသိန်းနှင့် ဒေါ်ရီကလျာသိန်း၊ AE မြန်မာ့မီးရထားမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင်ကျပ် ၂၀၀၀၀၀ လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးသန်းအောင် လက်ခံယူစဉ်။ (က-ပ)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ မင်္ဂလာဒုံမြို့နယ်က ကျင်းပသည့် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် (၁၈)ကြိမ်မြောက် စစ်မှုထမ်းဟောင်းများ ဂုဏ်ပြုချီးမြှင့် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က မင်္ဂလာဒုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းမ၌ ကျင်းပရာ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးအုန်းသောင်(ငြိမ်း)က ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။

လှူဒါန်း

အခမ်းအနားတွင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ငွေကျပ် ၆၉၁၅၀၀ ချီးမြှင့်ထောက်ပံ့ပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်သို့ ဒူးအောက်ပြတ် မသန်စွမ်း စစ်သည်များ ခြေတုတပ်ဆင်ပေးရန် ငွေကျပ် ၁၀၀၀၀၀၊ သမိုင်းဝင် ကျိုက္ကလော့စေတီတော် ဘဏ္ဍာထိန်း အဖွဲ့သို့ ငွေကျပ် ၁၀၀၀၀၊ မြို့နယ် မီးသတ်ဦးစီးဌာန ထောက်ကြန့်သို့ ငွေကျပ် ၁၀၀၀၀ စုစုပေါင်း ငွေကျပ် ၈၁၁၅၀၀ ကို ဂုဏ်ပြုချီးမြှင့် လှူဒါန်းသည်။

(အောက်ပုံ)

(ကြေးမုံ)

မြိုင်ဆရာတော်တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၂

ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ(ဓမ္မကထိက ဗဟုဇနဟိတဓရ)၏ တပည့် မြိုင်ဆရာတော်အရှင်ပညာဇောတ(ဓမ္မာစရိယနယ်လှည့်ဓမ္မကထိက)အရှင်သူမြတ်သည် ဇန်နဝါရီ ၁၃ ရက်တွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ပေါက်တောရပ်ကွက်လုံးဆိုင်ရာ (၁၂)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ဓမ္မသဘင်၊ ၁၄ ရက်တွင် ဧရာဝတီတိုင်း ပန်းတနော်မြို့ မြတောင်ပရိယတ္တိစာသင်တိုက် ဓမ္မသဘင်နှင့် ၁၉ ရက်နှင့် ၂၀ ရက်တွင် မကွေးတိုင်း မြိုင်မြို့ လက်ယက်မစံပြကျေးရွာ ဗုဒ္ဓပူဇနိယပွဲတော်အကြို ဓမ္မသဘင်တို့၌ ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည် ဖြစ်သည်။

တရားပွဲပင့်လျှောက်သူများ၊ဓမ္မရက္ခိတ ဖြူးမဟာစည်ရိပ်သာ၊ အမှတ် (၅) ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၀၀၆၈၊ ၅၀၁၈၄၆ လိုင်းခွဲ (၁၈၁)တို့သို့ ဆက်သွယ်ပင့်လျှောက်နိုင်ကြောင်း သိရသည်။

(က-ပ)

○ ရှေ့ဖုံးမှ

Tracer ballကိုရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးလိုက်သည်။ ထို့နောက် ပြိုင်ပွဲဝင်အသင်း(၁၆)သင်းတို့မှ ဂေါက်သီးရိုက်အားကစားသမားများသည် ၂၀၀၇–၂၀၀၈ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမနေ့(၁၈)ကျင်းပြိုင်ပွဲကို စတင်ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ညနေပိုင်းတွင် ပထမနေ့ပြိုင်ပွဲအစီအစဉ်များကို ရပ်နားလိုက်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃–၁–၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၁၂:၃၀** ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် –အချစ်ဥပဒေ**
- **၁:၅၀** ၆။ အမျိုးသားရေးတေးကဗျာ
- **၁:၅၅** ၇။ အပိတ်နှုတ်ဆက်စကား
- **၂:၀၀** ၈။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- **၄:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၄၅** ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- **၅:၀၀** ၇။ သံစဉ်များနှင့်ကမ္ဘာ
- **၆:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၉။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၆:၂၅** ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- **၆:၄၅** ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –ရာဇဝင်တွင်တဲ့သူရဲကောင်း (အပိုင်း–၂၆)**
- **၈:၀၀** ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ပဟေဠိနန်းတော်
- ၁၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၁၉။ ကျန်းမာသုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – နီလာလက်ကောက် (အပိုင်း–၂၈)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် Tracer Ballကို ရိုက်၍ ၂၀၀၇–၂၀၀၈ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

လူမှုရေးရန်ပုံငွေဘောလုံးပွဲ ကျင်းပ အရှေ့တောင်အာရှပွဲ ငွေတံဆိပ်ရ လက်ရွေးစင်ဟောင်းနှင့် ဂီတအစည်းအရုံးအသင်းတို့ ယှဉ်ပြိုင်ကစား

သတင်းမှတ်တမ်း –စိုးမိုး၊ ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဇန်နဝါရီ ၁၂

လူမှုရေးရန်ပုံငွေအတွက် ၁၉၉၃ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ငွေတံဆိပ်ဆုရ မြန်မာ့လက်ရွေးစင်ဟောင်းအသင်းနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးအသင်းတို့၏ ခြေစမ်းဘောလုံးပွဲကို ယနေ့ ညနေ ၄ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ လက်ရွေးစင်ဟောင်းများအသင်းက ခြောက်ဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

သီဆိုဖျော်ဖြေ

ခြေစမ်းပွဲမစတင်မီ စတီရီယိုအဆိုတော်များဖြစ်သည့် ဂျေမောင်မောင်၊ အောင်ရင်၊ ရင်ဂို၊ မာရဇ္ဇ၊ စည်သူလွင်၊ Rဇာနည်၊ Lလွန်းဝါ၊ စိုင်းစိုင်းခမ်းလှိုင်၊ ကျားပေါက်၊ ထွန်းထွန်း(Examplez)၊ ဆောင်းဦးလှိုင်၊ တူးတူး၊ ကော်နီ၊ Lဆိုင်းဇီ၊ ဖြူဖြူကျော်သိန်း၊ ကဗျာဘွဲ့မှူး၊ သျှီ၊ ယုဇန၊ ချစ်သုဝေ၊ ခင်ဘုဏ်း၊ ရှင်ဖုန်းတို့က Metal Zone, The Tree, Big Bag တီးဝိုင်းတို့နှင့် တွဲဖက်၍ ဖျော်ဖြေတင်ဆက်ကြသည်။ ထို့နောက် စိုင်းစိုင်းခမ်းလှိုင်က အထူးရေးစပ်ထားသည့် ဘောလုံးသီချင်းကို အကအဖွဲ့များနှင့်အတူ သီဆိုဖျော်ဖြေသည်။

ပါဝင်ကစား

၁၉၉၃ ခုနှစ် ငွေတံဆိပ်ဆုရ မြန်မာ့လက်ရွေးစင်ဟောင်းများ အသင်းတွင် မျိုးလှိုင်ဝင်း၊ ဝင်းအောင်၊ အောင်ကျော်ကျော်၊ ကြည်လွင်၊ တင်မြင့်အောင်၊ စိုးနိုင်၊ ဆန်းဝင်း၊ စောဘမြင့်၊ တင်မျိုးအောင်၊ တင်မောင်ထွန်း၊ ရဲထွဋ်၊ အောင်နိုင်၊ အေးနိုင်၊ မြင့်ကို၊ စိုင်းမောင်မောင်ဦး၊ တင်ထွေး၊ ကျော်မင်း၊ ထွန်းမြင့်လွင်၊ စိုးနိုင်(၂)၊ ငွေထွန်းတို့ ပါဝင်ကစားပြီး ဂီတအသင်းတွင် ဆောင်းဦးလှိုင်၊ တူးတူး၊ Rဇာနည်၊ Lလွန်းဝါ၊ နန္ဒစိုင်း၊ ပိုင်ဇေရဲထွန်း၊ ဟက်ကက်၊ စတီးတို့ ဦးဆောင်သည့် ဂီတပညာရှင်များ ပါဝင်ကစားသွားကြသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် ပြိုင်ပွဲမစတင်မီ အားကစားသမားများအား လိုက်လံနှုတ်ဆက်စဉ်။

လက်ရွေးစင်ဟောင်း အသင်းမှ တင်မျိုးအောင် ဂီတအသင်းဘက်သို့ ထိုးဖောက်လာစဉ်။

ပရိသတ်များအား ဖျော်ဖြေတင်ဆက်နေသည့် သျှီ။

စစ်ကောင်းစာကြည့်တိုက် နှစ်ပတ်လည်စည်းဝေး

ပဲခူး ဇန်နဝါရီ ၅

ပဲခူးမြို့ နန်းတော်ရာရပ်ကွက် ဥဿာသီရိ(၇)လမ်းတွင် ဖွင့်လှစ်ထားသော 'စစ်ကောင်း' စာကြည့်တိုက်၏ နှစ်ပတ်လည်အစည်းအဝေးနှင့် စာကြည့်တိုက် ငွေပဒေသာပင် လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၀ ရက် ညနေ ၆နာရီက စာကြည့်တိုက်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှ၊ အငြိမ်းစား ဦးစီးအရာရှိ ဦးကြည်ဝင်းနှင့် ပဲခူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်) တို့က အမှာစကားပြောကြားကြပြီး စာအုပ်စာတမ်းအလှူရှင်များနှင့် စာကြည့်တိုက်ရန်ပုံငွေ ငွေပင်ငွေရင်း စိုက်ထူလှူဒါန်းကြသူများက စာအုပ်စာတမ်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ (၄၀၃)

တရားပွဲများ

ကျုံမငေးမြို့ စက်ရုံဓမ္မရိပ်သာဗိမာန် ဖွင့်ပွဲ နှင့် ရေစက်ချမင်္ဂလာ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ကျုံမငေးမြို့စက်ရုံဓမ္မရိပ်သာ စက်ရုံဓမ္မဗိမာန်တော်ကြီး ဖွင့်ပွဲ အခမ်းအနားနှင့် ရေစက်ချအလှူမင်္ဂလာကို ၁၃၆၉ခုနှစ် ပြာသိုလဆန်း ၁၃ရက်၊ ဇန်နဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စုပေါင်းရေစက်သွန်းချလှူဒါန်းကြမည်ဖြစ်၍ အလှူရှင်များကြွရောက်ရန် ဖိတ်ကြားထားသည်။

ဖွင့်ပွဲနှင့် ရေစက်ချအလှူမင်္ဂလာအထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၁၆ရက်တွင် နယ်လှည့် သာသနာပြုဓမ္မကထိက အရှင်နန္ဒဝံသ B.Sc (Phys:)၊ ဇန်နဝါရီ ၁၇ရက်တွင် နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်ဝိဂတနှင့် ဇန်နဝါရီ ၁၈ရက်တွင် စက်ရုံဓမ္မရိပ်သာဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမနတို့က ညစဉ် ၇နာရီ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က–ပ)

ပျော်ဘွယ် အရှင်ဝိသုဒ္ဓရံသီ၏ တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၁၂

မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားအနီး ဓမ္မသိင်္ဂီပျော်ဘွယ် ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ရွာ ဓမ္မသိင်္ဂီ ပဋိပတ္တိသာသနာ့ရိပ်သာတို့၏ ပဓာနနာယက၊ ဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ၊ ပြည်တွင်းပြည်ပ သာသနာပြုဓမ္မကထိက ပျော်ဘွယ် အရှင်ဝိသုဒ္ဓရံသီသည် ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာ၌ ဇန်နဝါရီ ၂၀ရက်မှ ၂၂ရက်အထိ အထူးတရားပွဲများကို ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က–ပ)

ကျိုက်ဒေးယျုံဆရာတော် ဓမ္မဒူတခရီး

ရန်ကုန် ဇန်နဝါရီ ၁၂

သန်လျင်မြို့ စာတိုက်ကုန်း မဏ္ဍလာရာမကျောင်းတိုက် ပဓာနနာယကဆရာတော် ကျိုက်ဒေးယျုံအရှင်ဥတ္တရ(ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)သည် ဇန်နဝါရီ ၁၅နှင့် ၁၆ရက်တို့တွင် ညောင်တုန်းမြို့နယ် ရေပြင်းချောင်းဓမ္မသဘင်ပွဲ၌လည်းကောင်း၊ ၁၉ရက်တွင် ရခိုင်ပြည်နယ် မင်းပြားမြို့ ငါးပါးသီလအသင်း ရွှေရတုဓမ္မသဘင်၌ လည်းကောင်း၊ ၂၂ ရက်မှ ၃၀ရက်အထိ မဏ္ဍလာရာမကျောင်း ကိုးရက်အဓိဋ္ဌာန်တရားစခန်းပွဲ၌ လည်းကောင်း၊ ၂၅နှင့်၂၆ရက်တို့တွင် ခရမ်းမြို့ ပုညကုသလအသင်း ဓမ္မာရုံ အထူးတရားပွဲ၌လည်းကောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (၂၃)

မင်္ဂလာဗျူဟာအသင်းချုပ် သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်တွင် မင်္ဂလာဗျူဟာ ဗုဒ္ဓဘာသာယဉ်ကျေးမှုမွမ်းမံသင်တန်းကို အဘိဓမ္မာသင်တန်း တက်ရောက်ပြီး ပြန်လည်သင်ကြားလိုသူများ တက်ရောက်နိုင်ပြီး ဇန်နဝါရီ ၁၉ရက်မှ ဖေဖော်ဝါရီ ၂၄ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၈နာရီမှ ၁၁နာရီအထိ ပို့ချသွားမည်ဖြစ်သည်။ မင်္ဂလာဗျူဟာ အဘိဓမ္မာမွမ်းမံသင်တန်းကို အဘိဓမ္မာသုံးဆင့် အောင်မြင်ပြီး၍ ပြန်လည်သင်ကြားလိုသူများ တက်ရောက်နိုင်ပြီး သင်တန်းကို ဇန်နဝါရီ ၁၉ရက်မှ ဖေဖော်ဝါရီ ၂၄ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းလွဲ ၁ နာရီမှ ညနေ ၄နာရီအထိ သင်ကြားသွားမည်ဖြစ်သည်။ မင်္ဂလာဗျူဟာဋီကာ ကျော်မွမ်းမံသင်တန်းကို အဘိဓမ္မာသုံးဆင့်၊ ဋီကာကျော်သုံးဆင့် အောင်မြင်ပြီး၍ ပြန်လည်သင်ကြားလိုသူများ တက်ရောက်နိုင်ပြီး ဇန်နဝါရီ ၁၉ရက်မှ ဖေဖော်ဝါရီ ၂၄ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ပို့ချသွားမည်ဖြစ်သည်။ မင်္ဂလာဗျူဟာ ပဋ္ဌာန်းသင်တန်းကို မည်သူမဆို တက်ရောက်နိုင်၍ ဇန်နဝါရီ ၂၆ရက်မှ ဖေဖော်ဝါရီ ၂၄ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များ၌ မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအထိ ဖွင့်လှစ် ပို့ချသွားမည်ဖြစ်၍ အသေးစိတ် သိရှိလိုပါက ဖုန်း–၃၇၀၉၅၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်၊ သုံးခွနှင့် ခရမ်းဒေသများအတွင်း ပြည်ပဈေးကွက်ဝင် ပဲတီစိမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

သတင်း-အောင်နိုင်ဦး(ကြေးမုံ)၊ ဓာတ်ပုံ-ငွေအောင် (ကြေးမုံ)

သန်လျင်မြို့နယ် သူငွေးကွင်းကျေးရွာမှ ဦးဇော်နိုင်၏ ဆောင်းသီးနှံ ပဲတီစိမ်းနှင့်နေကြာစိုက်ခင်းတွင် သန်လျင်မြို့နယ် မန်နေဂျာ ဦးကျော်ကျော်က အထွက်နှုန်းကောင်းမွန်ရေး ပညာပေးရှင်းလင်းပြောကြားစဉ်။

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်တောင်ပိုင်းခရိုင် ဒေသများဖြစ်ကြသော သန်လျင်မြို့နယ်၊ သုံးခွမြို့နယ်နှင့် ခရမ်းမြို့နယ်များအတွင်း မိုးစပါး ရိတ်သိမ်းပြီးချိန်မှ စ၍ ဈေးကွက်ဝင်သီးနှံ တစ်မျိုးဖြစ်သော ပဲတီစိမ်းများကို ဆက်လက်၍ စိုက်ပျိုးခဲ့ရာ ယခုအခါ အောင်မြင်စွာ ရှင်သန်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း သိရသည်။ သန်လျင်-သုံးခွ-ခရမ်း ကားလမ်းဘေးတစ်လျှောက် ဝဲယာနှစ်ဖက်စလုံးတွင် နွေစပါးစိုက်ပျိုးမှု အချို့မှလွဲ၍ ပဲတီစိမ်းများကို ဒေသခံတောင်သူလယ်သမားများက မြေလွတ်မြေလပ် မကျန်အောင် စိုက်ပျိုးထားရာ ကွင်းပြင်ကျယ် မျက်စိတစ်ဆုံးတွင် ပဲခင်းများဖြင့် စိမ်းလန်းလျက်ရှိသည်ကို တွေ့ရှိရသည်။

လျာထားချက်ကျော်လွန်

၂၀၀၇-၂၀၀၈ ခုနှစ် စိုက်ပျိုးရာသီတွင် ရန်ကုန်တောင်ပိုင်းခရိုင်အတွက် ပဲမျိုးစုံ စိုက်ပျိုးရန်လျာထားချက်များကို ဗဟိုနှင့် တိုင်းအဆင့်တို့မှ ချမှတ်ပေးခဲ့ရာ မတ်ပဲ၊ ပဲတီစိမ်း၊ ဘိုကိတ်နှင့် ပဲလွန်းတို့အနက် ပဲတီစိမ်းမှာလျာထားချက်ထက် ပိုမိုကျော်လွန် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဈေးကွက်ဆွဲဆောင်မှု

တောင်သူများ ပဲတီစိမ်းကို အထူးလိုလားနှစ်ခြိုက်စွာ စိုက်ပျိုးကြခြင်းမှာ ဈေးကွက်ဆွဲဆောင်မှုက အဓိကကျကြောင်း၊ ယခင်နှစ်များက ပဲပေါ်ချိန်တွင် ကုမ္ပဏီနှင့် ပုဂ္ဂလိကဝယ်လက်များက ကွင်းထဲ၊ ရွာထဲအရောက် တိုက်ရိုက်ဆင်း၍ တောင်သူများထံမှ ပဲကို ရောင်းသူစိတ်ကြိုက်ဈေးပေး၍ ဝယ်ယူခဲ့ကြကြောင်း၊ ခရမ်း၊ သုံးခွဒေသထွက် ပဲတီစိမ်းမှာ ပြည်ပဈေးကွက်တွင် မျက်နှာပန်းလှသော ပဲမျိုးဖြစ်ကြောင်း၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့က အဓိကဝယ်ယူကြပြီး အင်ဒိုနီးရှားမှလည်း အမှာစာများရရှိထားကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဇန်နဝါရီ ၁၁ ရက်က မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တောင်ပိုင်းခရိုင် မန်နေဂျာ ဦးဇော်ဝိတ်နှင့် သန်လျင်မြို့နယ်မန်နေဂျာ ဦးကျော်ကျော်တို့သည် သန်လျင်မြို့နယ် သူငွေးကွင်းကျေးရွာမှ တောင်သူဦးဇော်နိုင်၏ ဆောင်းသီးနှံ ပဲတီစိမ်း ၁၇ ဧကနှင့် ဆီထွက်သီးနှံနေကြာ သီးညှပ်စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး အထွက်နှုန်းကောင်းမွန်ရေးအတွက် ပညာပေးမှုများ ပြုလုပ်ခဲ့ကြသည်။

ပဲစိုက်ပျိုး

အဆိုပါနေရာမှာ ယခင်က လယ်ရိုင်းများသာဖြစ်ပြီး လွန်ခဲ့သော ၁၀နှစ်ခန့်ကမှ လယ်မြေများအဖြစ် စိုက်ပျိုးလာကြခြင်းဖြစ်သည်။ ပဲစိုက်ပျိုးလာခဲ့သည်မှာ ခြောက်နှစ်ခန့်သာရှိသေးကြောင်း၊ ဆီထွက်သီးနှံဖြစ်သော နေကြာကို ယခုနှစ်မှသာ စတင်၍ မိတ်ဆက်အဖြစ် စိုက်ပျိုးလာခြင်းဖြစ်ကြောင်း၊ ပဲတီစိမ်းရွှေဝါ၏သက်တမ်းမှာ ၇၅ရက်ဖြစ်ပြီး နေကြာ၏သက်တမ်းမှာ ၈၅ရက်ဖြစ်သည့်အတွက် သီးနှံနှစ်ခုစလုံး မရွေးမနှောင်းမှာပင် ရိတ်သိမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

နေကြာမှာ ဒေသဆီဖူလုံရေးအတွက် စီမံကိန်းဝင်သီးနှံတစ်ခုဖြစ်ပြီး မြေပဲစိုက်ပျိုးသည်ထက် စရိတ်သက်သာကြောင်း၊ နေကြာ၏သက်တမ်း ၈၅ရက်အတွင်း ရေနှင့် မြေဆီကို သုံးကြိမ်ခန့် လောင်းပေးရန်လိုအပ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧကတင်း ၅၀ဖြစ်ကြောင်း မြို့နယ်မန်နေဂျာဦးကျော်ကျော်က ရှင်းလင်းပြောကြားသည်။

ရန်ကုန်တောင်ပိုင်း ခရိုင်တွင် ဆီထွက်သီးနှံနေကြာကို ယခုနှစ်စိုက်ပျိုးရာသီအတွင်း ၂၂၄၇၅ဧကစိုက်ပျိုးရန် ဗဟိုမှ လျာထားခဲ့ရာ ယခုအချိန်တွင် ၂၃၁၀၆ ဧက စိုက်ပျိုးထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

အောင်မြင် ဖြစ်ထွန်းနေသော ဆီထွက်သီးနှံနေကြာပင်။

အောင်မြင်ဖြစ်ထွန်းနေသော ပဲတီစိမ်းများကို တွေ့ရစဉ်။

သန်လျင်မြို့နယ် သူငွေးကွင်းကျေးရွာမှ ဦးဇော်နိုင်၏ ပဲတီစိမ်းနှင့် နေကြာ သီးညှပ်စိုက်ခင်းကို တွေ့ရစဉ်။

ဇန်နဝါရီ ၇ ရက်က ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာန သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ မူလတန်းကြိုကျောင်း အားကစားကွင်း၌ ကျင်းပသော ရင်သွေးငယ်တို့၏ကျောင်းတွင်း ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲတွင် အငယ်ဆင့် (ကျား/ငယ်) ရိုးရိုးပြေးပွဲ ပထမဆုဆွတ်ခူးရရှိသော မောင်ဟိန်းသူထက်အား ရန်ကုန်တိုင်း လူမှုဝန်ထမ်းဌာနရုံးမှ လက်ထောက် တိုင်းဦးစီးမှူး ဒေါ်စုစုထက် ဆုချီးမြှင့်စဉ်။ (လူမှုဝန်ထမ်း)

ဆုချီးမြှင့်

တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ သူငယ်တန်းမှဆုရရှိသူ မောင်ဉာဏ်ရဲလင်းအား ကျောင်းအုပ်ဆရာကြီး ဦးဝင်းနိုင် ဆုချီးမြှင့်စဉ်။

(ပညာရေး)

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံအတွက် ဒေါက်တာခင်ဇော်သိန်း၊ ဒေါက်တာခင်သန်းဆွေ၊ ဒေါက်တာဟန်မြင့်၊ ဒေါက်တာအေးအေးကြည်နှင့် ပြည်ပနိုင်ငံများမှ အလှူရှင်များ၊ ပြည်တွင်းအလှူရှင် ၃၀တို့ စုပေါင်း၍ ငွေကျပ် ၂၈၈၁၀၀၀၀နှင့် အက်ဖ်အီးစီ ၄၅၀ ကို မိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံရုံးခွဲ (သာစုကာရီဓမ္မာရုံ) တွင် ပေးအပ်လှူဒါန်းရာ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံ ဒုတိယပါမောက္ခချုပ်နှင့် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြသန်း (အငြိမ်းစားသံအမတ်ကြီး) တို့ လက်ခံယူစဉ်။ (က-ပ)

အနောက်ဘက်ကမ်းခြေဒေသ ရာမာလာမြို့တွင် အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်၏ အရှေ့အလယ်ပိုင်းခရီးစဉ်ကို ကန့်ကွက်ဆန္ဒပြနေကြသော ပါလက်စတိုင်းများကို ဇန်နဝါရီ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ထိုင်း ပီပီပီပါတီမှ အနိုင်ရရှိသူတစ်ဦး ရွေးချယ်ခံရခြင်းမှ ပယ်ဖျက်ခံရ

ဗန်ကောက် ဇန်နဝါရီ ၁၂

ထိုင်းနိုင်ငံတွင် ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၃ ရက်ကကျင်းပခဲ့သည့် အထွေထွေ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် ပြည်သူ့အာဏာပါတီ(ပီပီပီ)မှ အမတ်တစ်ဦးကို အရည်အချင်းပြည့်မီမှုမရှိဟုဆိုကာ ထိုင်းရွေးကောက်ပွဲကော်မရှင်က ပယ်ဖျက်ခဲ့သည်။

ကော်မရှင်မှ ပယ်ဖျက်ခံရသူမှာ ပရာဆော့ဘူဆာရက်ခန်ဖြစ်ပြီး ၎င်းသည် ပီပီပီ ကိုယ်စားလှယ်တစ်ဦးဖြစ်သည်။ စုဒ္ဓန်သနီပြည်နယ် မဲဆန္ဒနယ်မှ ပါလီမန်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရာ အနိုင်ရရှိခဲ့သူဖြစ်သည်။ ၎င်းသည် မရိုးမသား ပြုလုပ်သည်ဟုဆိုကာ စောစောပိုင်းက သတိပေးခံခဲ့ရပြီး ရွေးကောက်ပွဲကော်မရှင်က ၎င်း၏အနိုင်ရရှိမှုရလဒ်ကို ပယ်ဖျက်ခဲ့ခြင်းဖြင့် ကြားဖြတ်ရွေးကောက်ပွဲတွင် နောက်ထပ်ယှဉ်ပြိုင်နိုင်ခွင့်မရှိဖြစ်ခဲ့ရသည်။

ရွေးကောက်ပွဲကျင်းပရေးကော်မရှင်က ၎င်းသည် မဲလိမ်ခဲ့သည်ကို တွေ့ရှိခဲ့ရသည်ဟု ထိုင်းသတင်းဌာနက ဖော်ပြသည်။

ပရာဆော့သည် အရှေ့မြောက်ပြည်နယ်မှ ပါလီမန်အမတ်ဟောင်းနှင့် စိုက်ပျိုးရေး ဒုတိယဝန်ကြီးဟောင်းလည်းဖြစ်သည်။

အရည်အချင်းမပြည့်မီသဖြင့် ပယ်ဖျက်ခံရသူကိုယ်စားလှယ်လောင်းသည် ဇန်နဝါရီ ၂၀ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခွင့်ရမည်မဟုတ်ဟု ရွေးကောက်ပွဲကော်မရှင်ဥပဒေတွင် ပါရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဟီလာရီကလင်တန်ကို ရှုံးနိမ့်ခဲ့မှု ဘာရက်အိုဘားမား စိတ်ပျက်

ဂျာဆီမြို့(နယူးဂျာဆီ) ဇန်နဝါရီ ၁၂

အမေရိကန်နိုင်ငံ နယူးဟမ်ရှိုင်းယားတွင် ပြုလုပ်ခဲ့သည့် အမေရိကန်သမ္မတ အကြို အခြေခံ ရွေးကောက်ပွဲတွင် ပြိုင်ဘက်ဟီလာရီကလင်တန်ကို ရှုံးနိမ့်ခဲ့သဖြင့် မိမိစိတ်ပျက် လက်ပျက်ဖြစ်မိကြောင်း၊ ဟီလာရီ၏ အောင်မြင်မှုကို ခံနိုင်စွမ်းရှိရန် လိုသည်ဟု မိမိအား နှိုးဆော်သတိပေးသလိုဖြစ်ကြောင်း ဘာရက်အိုဘားမားက ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

မိမိ၏စိတ်ဓာတ်သည် ခိုင်မာလျက်ရှိနေသည်ဟု နယူးဟမ်ရှိုင်းယား ရွေးကောက်ပွဲတွင် ဟီလာရီကလင်တန်က ပွတ်ကာသီကာဖြင့် နိုင်သွားပြီး နောက် တစ်နေ့တွင် အိုဘာမားက ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဂါဇာကမ်းမြောင်ရှိ အမေရိကန်ကျောင်း ပါလက်စတိုင်း စစ်သွေးကြွများ တိုက်ခိုက်

ဂါဇာ ဇန်နဝါရီ ၁၂

ဂါဇာကမ်းမြောင်ဒေသရှိအမေရိကန်စာသင်ကျောင်းကို ဇန်နဝါရီ ၁၀ ရက် အရဏ်မတက်မီ သေနတ်သမားသုံးဦးက ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်မှုကြောင့် ကျောင်း၏ဒုတိယထပ်ရှိ ပန်းချီခန်းမကို ထိမှန်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူက ပြောကြားသည်။

သေနတ်သမားများသည် ကျောင်းလုံခြုံရေးအစောင့်များရှိနေသည့်ကြားမှ ကျောင်းအတွင်းဝင်၍ဖျက်ဆီးပြီး အာရ်ပီဂျီလက်နက်ဖြင့် ပစ်ခတ်ခဲ့ကြောင်း ကျောင်းအုပ်ကြီးက သတင်းထောက်များကို ပြောကြားသည်။ အမေရိကန်စာသင်ကျောင်းသည် ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်း ဘိုက်လာဟီယာကျေးရွာ အနောက်ဘက်တွင် တည်ရှိပြီး ပါလက်စတိုင်း ကျောင်းသား ကလေးငယ်များ ပညာသင်ကြားလျက်ရှိသည်။ စစ်သွေးကြွများ တိုက်ခိုက်မှုများကြောင့် ဂါဇာကမ်းမြောင်ဒေသမှ အမေရိကန် ကျောင်းဆရာအများအပြား ထွက်ခွာသွားခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

လာဟိုးမြို့တွင် ဗုံးခွဲတိုက်ခိုက်မှု ဖော်ထုတ်ရန် ပါကစ္စတန်စုံစမ်းရေးမှူးများ ကြိုးပမ်းနေ

လာဟိုး(ပါကစ္စတန်) ဇန်နဝါရီ ၁၂

ပါကစ္စတန်နိုင်ငံလာဟိုးမြို့တွင် ဖြစ်ပွားခဲ့သော ဗုံးခွဲတိုက်ခိုက်မှု၌ သေဆုံးသွားသူ ဖောက်ခွဲရေးသမား၏ ရုပ်အလောင်း အကြွင်းအကျန်များကို စိစစ်ခြင်းဖြင့် ဗုံးခွဲသူ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်နိုင်ရန် ပါကစ္စတန်ထောက်လှမ်းရေးက ကြိုးပမ်းလျက်ရှိကြောင်း ဇန်နဝါရီ ၁၁ရက်က ထွက်ပေါ်လာသောသတင်း၌ ဖော်ပြသည်။

အဆိုပါ ဗုံးဖောက်ခွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်များ အပါအဝင် ၁၉ ဦး သေဆုံးခဲ့ရသည်။ ကနဦး သတင်းများအရ သေဆုံးသူဦးရေမှာ ၂၂ ဦးရှိကြောင်း သိရသော်လည်း နောက်ပိုင်းတွင် အတည်ပြုထားသော သတင်းအရ သေဆုံးသူဦးရေမှာ ၁၉ ဦးဖြစ်ကြောင်း သိရသည်။ ယင်းတို့အနက် ၁၂ဦးမှာ ရဲတပ်ဖွဲ့ဝင်များဖြစ်သည်ဟု ဒေသရဲတပ်ဖွဲ့အကြီးအကဲ မာလိတ်မိုဟာမက် အီဘာယ်လ်က ပြောကြားသည်။

လအနည်းငယ်အတွင်း ဖြစ်ပွားသော တိုက်ခိုက်မှုများအနက် လာဟိုးဗုံးခွဲမှုသည်နောက်ဆုံးဖြစ်ပွားသော အကြမ်းဖက်မှုလုပ်ရပ်ပင်ဖြစ်သည်။ ဒီဇင်ဘာလအတွင်းက ဖြစ်ပွားသော ဗုံးခွဲမှုတွင် အတိုက်အခံ နိုင်ငံရေးခေါင်းဆောင် ဘနာဇီဘူတို သေဆုံးခဲ့ရသည်။

ပါကစ္စတန်နိုင်ငံ၌ ဖေဖော်ဝါရီ ၁၈ ရက်တွင် ရွေးကောက်ပွဲ ကျင်းပရန် သတ်မှတ်ထားသည်။ လာဟိုးမြို့ ဗုံးပေါက်ကွဲမှုကြောင့်ရွေးကောက်ပွဲကျင်းပနိုင်ရန် လုံခြုံမှုရှိပါမည်လော ဟူသည့် စိုးရိမ်မကင်း ဖြစ်မှုများလည်း ပေါ်ပေါက်လျက်ရှိသည်ဟုဆိုသည်။

ရဲတပ်ဖွဲ့ဝင်များအနေဖြင့် တိုက်ခိုက်မှုတွင် ပါဝင်သော ဗုံးခွဲသူအား ဖော်ထုတ်ရန် အခက်အခဲ တွေ့နေရကြောင်း အီဘာယ်လ်က ပြောကြားသည်။

ဒီအင်အေ စိစစ်သော နည်းကိုသုံး၍ ဖော်ထုတ်မည်ဖြစ်ကြောင်း သိရသည်။ လာဟိုးမြို့၌တိုက်ခိုက်မှုမဖြစ်ပွားသည်မှာ နှစ်နှစ်ကျော်ကြာခဲ့ပြီဖြစ်ရာ မကြာသေးမီကမှ ဗုံးပေါက်မှု ဖြစ်ပွားလာခြင်းဖြစ်သည်။ စစ်သွေးကြွများအနေဖြင့် အနောက်မြောက်ပိုင်းနှင့် အာဖဂန်နယ်စပ်တစ်လျှောက် တိုက်ခိုက်မှုများ ပြုလုပ်နေရာမှ တိုက်ခိုက်ရေးနယ်မြေကို အခြား ဒေသများသို့ပါ ချဲ့ထွင်လာပြီလောဟုစိုးရိမ်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror နိုင်ငံတကာ နောက်ဆုံးသတင်းများ

ကင်ညာပြည်သူ ၅၀၀၀၀၀ ခန့် အကူအညီလိုအပ်နေ

ကင်ညာနိုင်ငံ ကီဘာရာမြို့တွင် ရိက္ခာတင်ကားတစ်စီးမှ ရိက္ခာထုပ်များအား လုယက် ယူဆောင်နေကြသည့် အကြမ်းဖက် ဆူပူသူများကို ဇန်နဝါရီ ၁၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျီနီဗာ ဇန်နဝါရီ ၁၂

ကင်ညာနိုင်ငံတွင် နိုင်ငံရေးမတည်မငြိမ်ဖြစ်နေသဖြင့်အုပ်ချုပ်ရေးပျက်ယွင်းလျက်ရှိရာ ပြည်သူငါးသိန်းနီးပါးမှာ အတိဒုက္ခရောက်နေသည့်အတွက် အကူအညီများထောက်ပံ့ပေးရန်လိုအပ်လျက်ရှိကြောင်း ကုလသမဂ္ဂအဖွဲ့က ဇန်နဝါရီ ၁၁ရက်တွင် ပြောကြားသည်။

ယခုအချိန်အထိ ပြည်သူပေါင်း ၂၅၀၀၀၀ တို့မှာ အိုးအိမ်မဲ့များ ဖြစ်လျက်ရှိသည်။၎င်းတို့အားကူညီထောက်ပံ့ရေးအတွက် ကုလသမဂ္ဂ အေဂျင်စီများ ပူးပေါင်းလုပ်ဆောင်သွားရန် ပြင်ဆင်လျက်ရှိသည်ဟု ကုလသမဂ္ဂ လူသားချင်း စာနာသောအထောက်အပံ့ပေးရေး အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အဲလီဇဘက် ဗိုင်းစ်က ပြောကြားသည်။

ကင်ညာနိုင်ငံတွင် ကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ကုလသမဂ္ဂ၏ ဗဟိုအရေးပေါ်ထောက်ပံ့ရေးရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ခုနစ်သန်းခွင့်ပြုပေးထားပြီးဖြစ်ကြောင်း ဗိုင်းစ်ကဆက်လက်ပြောကြားသည်။

ထိုခွင့်ပြုရန်ပုံငွေ၏ အများစုကို ဒုက္ခသည်များအတွက် ရိက္ခာထောက်ပံ့ရန်၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်၊ ရေကောင်းရေသန့် ရရှိရေးလုပ်ငန်းများ၌ အသုံးချရန်နှင့် ခိုနားစရာများရရှိအောင်ဖန်တီးပေးရန် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းကယ်ဆယ်ရေးလုပ်ငန်းများကို ကုလသမဂ္ဂ လူသားချင်းစာနာသော အထောက်အပံ့ပေးရေးအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်၊ ကင်ညာနိုင်ငံအစိုးရနှင့် ကင်ညာကြက်ခြေနီအဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်ရွေးကောက်ပွဲအကြို စကားစစ်ထိုးပွဲတွင် တိုက်ခိုက်ပြောကြား

မာတီးလ်ကမ်းခြေ(တောင်ကာရိုလိုင်းနား) ဇန်နဝါရီ ၁၂

စီးပွားရေးကျဆင်းခဲ့သည့် အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ်တွင် အလုပ်လက်မဲ့များ ဖြစ်ကြရသည့် ပြည်သူများကို ပစ်ပယ်ခဲ့ကြောင်း အမေရိကန် ရီပတ်ဘလီကန်ပါတီမှ သမ္မတလောင်း မစ်ရွမ်နေးက ၎င်း၏ပြိုင်ဘက် ဂျွန်မက်ကိန်းကို ကြာသပတေးနေ့က စွပ်စွဲပြောကြားသည်။ ရီပတ်ဘလီကန် သမ္မတလောင်းရွေးပွဲ၌ယှဉ်ပြိုင်နေသူများသည် တံ့ဆိုင်းတံ့ဆိုင်း ဖြစ်နေသည့် အမေရိကန်၏ စီးပွားရေးဘက်သို့ ဦးလှည့်ကာ မဲဆွယ်လှုပ်ရှားလျက်ရှိသည်။

မီချီဂန်၊ တောင်ကာရိုလိုင်းနားနှင့် အမေရိကန်ပြည်ထောင်စုရှိ မည်သည့်ပြည်နယ်တွင်မဆို လုပ်ငန်းကိုင်ငန်းများ ရရှိစေရန်နှင့် မိမိတို့၏ အနာဂတ်ဘဝကောင်းမွန်ရေးအတွက် သေချာစေရန် ကြိုးပမ်းမည်ဟု မက်ဆာချူးဆက်အုပ်ချုပ်ရေးမှူးဟောင်း ရွမ်နေးက ပြောကြားသည်။

မက်ကိန်းသည် မီချီဂန်ပြည်နယ်တွင် ရွမ်နေးကို အပြတ်အသတ်အနိုင်ရရှိမည်ဟု မျှော်လင့်နေသည်။

အမ်အင်အေ၊ရိုက်တာ။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ ကားပြပွဲ၌ပြသထားသည့် တာတာကုမ္ပဏီထုတ် ကမ္ဘာ့ဈေးအသက်သာဆုံး နာနိုကားကို ဇန်နဝါရီ ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြင်သစ်ကမ်းလွန်တွင် ငါးဖမ်းရေယာဉ်နစ်မြုပ်

ရင်း(ပြင်သစ်) ဇန်နဝါရီ ၁၂

ဘရစ်တန်နီကမ်းခြေ၏မြောက်ပိုင်း ကမ်းလွန်တစ်နေရာတွင် တနင်္လာနေ့က ငါးဖမ်းလှေတစ်စင်း နစ်မြုပ်ခဲ့ပြီးနောက် သင်္ဘောသားနှစ်ဦးသေဆုံးကာ လေးဦးပျောက်ဆုံးနေကြောင်း ရေကြောင်းဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ခုနစ်ဦးမြောက်လူကို ဆယ်ယူရရှိခဲ့ရာ ကိုယ်အပူချိန်အလွန်အမင်း ကျဆင်းနေသဖြင့် ဆေးရုံသို့တင်ထားသည်။ အဆိုပါ ငါးဖမ်းလှေသည် ဖင်နစ်စတီးယားကမ်းလွန်တစ်နေရာတွင် နစ်မြုပ်ခဲ့ရာ အကူအညီတောင်းသည့် အချက်ပြခဲ့သည်။ ရဟတ်ယာဉ်ငါးစင်း နှင့် သင်္ဘောငါးစင်းက ပျောက်ဆုံးနေသည့်သင်္ဘောသားများကို လှိုင်းလေထန်ပြင်းသည့် ရာသီဥတုအတွင်း ရှာဖွေခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

နည်းပညာအခြေခံမှုဖြင့် ထုတ်လုပ်မှုစွမ်းအားမြင့်မားရေးကို ကြိုးပမ်းလုပ်ကိုင်မှ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရရှိပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်း၏ (၁၄)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည် အစည်းအဝေးတွင် ကုမ္ပဏီများ၏ အရောင်းပြခန်းများကို ကြည့်ရှု အားပေးစဉ်။ (သတင်းစဉ်)



ရန်ကုန် ဇန်နဝါရီ ၁၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၏ (၁၄)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ချီးမြှင့်ပြီး ကုန်သွယ်မှုနှင့် စက်မှုလက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍတို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

နှစ်ပတ်လည်အစည်းအဝေးသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း နာယက ဦးဝင်းမြင့်နှင့် အသင်း နာယကများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးပေါ်ဟိန်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အမှုဆောင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အသင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၏ (၁၄)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ကုမ္ပဏီများ၏ အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ထို့နောက် သဘာပတိ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးပေါ်ဟိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာ၌ တိုးတက်ပြောင်းလဲနေသော စနစ်နှင့်အညီ သယံဇာတအခြေခံမှု (Resources Driver)မှ အသိပညာ၊ နည်းပညာအခြေခံမှု (Knowledge Driver)ဖြင့် ထုတ်လုပ်မှုစွမ်းအား မြင့်မားရေးကိုလည်း အစီအမံများချမှတ်၍ ကြိုးပမ်းလုပ်ကိုင်ခြင်းဖြင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု ရရှိပြီး ပြည်ပဈေးကွက်သို့ တန်ဖိုးမြင့် ထုတ်ကုန်များ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအသေးစား၊ အလတ်စားလုပ်ငန်း (SMEs)များက များစွာအထောက်အကူပြုလျက်ရှိကြောင်း၊ SMEs များ ဖွံ့ဖြိုးရေးအထောက်အကူဖြစ်စေမည့်ကိစ္စရပ်များ၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ၊ အစီအမံများချမှတ်ပြီး အထူးအလေးထား အကောင်အထည်ဖော်ဆောင်ရွက်စေလိုကြောင်း။

စက်မှုလက်မှုလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ နည်းပညာလည်း တိုးတက်လာသည်ကို တွေ့ရသည့်အပြင် လုပ်သားများ၏ လုပ်ကိုင်နိုင်သော စွမ်းဆောင်ရည်လည်း တိုးတက်လာကြောင်း၊ အများအားဖြင့် ပြည်တွင်းက ရရှိနေသည့် စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများ၊ သားငါး ထွက်ကုန်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ သတ္တုတွင်းပစ္စည်းများ စသည်တို့ကို အသုံးပြုပြီး တန်ဖိုးမြင့်ပစ္စည်းများ ထုတ်လုပ်နေသည်ကို တွေ့ရ၍ ဝမ်းသာအားရဖွယ်ရာ ဖြစ်မိကြောင်း။

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း အလုပ်အမှုဆောင်များ၏ နှစ်ပတ်လည်အစီရင်ခံစာ ဖတ်ရှုလေ့လာချက်အရ အသင်းဖွဲ့စည်းတည်ထောင်ခဲ့သည်မှာ (၁၄)နှစ်ကျော်ကာလ ရောက်ရှိပြီး လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး ချမှတ်ထားသည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ပေးနိုင်ခဲ့သည့်အတွက် မှတ်တမ်းတင်ဂုဏ်ယူကြောင်း၊ အထူးသဖြင့် ပြည်တွင်း၊ ပြည်ပများ၌ သင်တန်းများ၊ ဆွေးနွေးပွဲများ ကျင်းပပေးနိုင်ခဲ့၍ အသင်းဝင်များအတွက် ဗဟုသုတ အတွေ့အကြုံများ တိုးပွားရရှိကြမည်ဟု ထင်မြင်ယူဆကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် စီးပွားရေးနှင့် စက်မှုလက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းလုပ်ကိုင်ပေးခဲ့သည့်အတွက်လည်း အောင်မြင်လျက်ရှိသည်ကိုတွေ့ရကြောင်း။

အသင်းအဖွဲ့အနေဖြင့် အသင်းဝင် တောင့်တင်းခိုင်မာရေးအတွက် အထူး ကြိုးပမ်းရမည်ဖြစ်သကဲ့သို့ အသင်း၏ ချမှတ်ထားသည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော် လုပ်ကိုင်ရန် ငွေကြေးတောင့်တင်းခိုင်မာရေးကိုလည်း အလေးထားကြံဆ လုပ်ကိုင်ရန်လည်း တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း နာယက ဦးဝင်းမြင့်က အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း ရန်ပုံငွေအတွက် အလှူရှင် ၅၁ ဦးတို့က စုစုပေါင်းငွေကျပ် ၁၈၆၀၀၀၀၀ နှင့် အက်ဖ်အီးစီ ၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အသင်းနာယက ဦးဝင်းမြင့်နှင့် အသင်းဥက္ကဋ္ဌ ဦးပေါ်ဟိန်းတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြခြင်း၊ အတည်ပြုခြင်း၊ ကြိုတင်ပေးပို့ထားသော မေးခွန်းလွှာများနှင့် အကြံပြုချက်များကို တင်ပြခြင်းနှင့် ဖြေကြားခြင်းတို့ကို အစီအစဉ်အတိုင်း ကျင်းပသည်။

ယင်းနောက် သဘာပတိ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးပေါ်ဟိန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး နှစ်ပတ်လည်အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၁-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"မမေ့အပ်တဲ့လေးဌာန"တရားတော် (အပိုင်း-၂) (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၇း၅၀-၁း၅၀	Soccer Update
၈း၀၅-၂း၀၅	တေးဂီတအစီအစဉ်
၈း၁၀-၂း၁၀	Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၉း၀၅-၃း၀၅	တေးဂီတအစီအစဉ်
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	ပန်းမြို့တော်မှဆီမီးမြိုင်တဲ့လတန်ဆောင်တိုင်
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀-၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅-၃း၅၅	မိခင်လောင်းများအတွက်အာဟာရ (ဒေါက်တာလှကြည်)
၁၀း၁၀-၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅-၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀-၄း၂၀	"တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ" (နွားမွေးမြူရေး)
၁၀း၃၅-၄း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅-၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀-၄း၅၀	စိုပြည်စိမ်းလန်း တောင်ကုန်းထက်မှ ခရီးသွားစခန်း
၁၁း၁၅-၅း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀-၅း၂၀	မူးယစ်ကင်းစင်လူ့ဘောင်တစ်ခွင် MANA
၏ရည်မှန်းချက်	ပန်းတိုင်အသွင် (ပထမပိုင်း)
၁၁း၃၅-၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀-၅း၄၀	Euro Goals
၁၂း၁၀-၆း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅-၆း၁၅	အနှိုင်းမဲ့ပီတိလှိုင်တဲ့ပွဲ
၁၂း၃၀-၆း၃၀	နိုင်ငံတကာအနုပညာရေးရာ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၅၅	Sunderland-Portsmouth	ESPN(Live)
၁၀း၂၅	Bolton-Blackburn	ESPN(Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Cagliari-Udinese	5-Cartoons(Live)
၂း၀၀	AC Milan-Napoli	5-Cartoons(Live)

ဆံပင်အလှအပများအကြောင်း စာအုပ် မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

မန္တလေးဆေးတက္ကသိုလ် အလုပ်သင်ဆရာဝန် နီနီမိုး၏ ကိုယ်တိုင်ဖန်တီးတီထွင်နိုင်သော ဆံပင်အလှအပများ အကြောင်း Hair Style D.I.Y (Do it yourself) စာအုပ် မိတ်ဆက်ပွဲနှင့် လက်တွေ့သရုပ်ပြ ပြင်ဆင်ဖန်တီးမှု အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့၊ မဟာဗန္ဓုလလမ်းရှိ City Star Hotel ပထမထပ်၌ ကျင်းပရာ စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ မော်ဒယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရုပ်ရှင်သရုပ်ဆောင် ဆန်းထွင့်က စာအုပ်မိတ်ဆက်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နီနီမိုးက ကိုယ်တိုင်ဖန်တီးတီထွင်နိုင်သော ဆံပင်အလှအပများအကြောင်းနှင့် စာအုပ်ထုတ်ဝေရခြင်း အကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နီနီမိုးက မော်ဒယ်များနှင့် တွဲဖက်၍ ဆံပင်ပုံစံအမျိုးမျိုးကို လက်တွေ့သရုပ်ပြသပြီး**(ဝဲပုံ)** ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ Hair Style D.I.Y (Do it yourself) စာအုပ်သည် စာပေလောကတွင် ပထမဆုံးသော ဆံပင် Style ဖန်တီးမှု စာအုပ်ဖြစ်ပြီး သင်ပြမှုမလိုဘဲ စာအုပ်ကြည့်ရုံဖြင့် ကိုယ်တိုင်ပြင်ဆင် ဖန်တီးနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းသင်တန်း

နေပြည်တော် ဇန်နဝါရီ ၁၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ကြီးမှူးဖွင့်လှစ်မည့် ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းသင်တန်းအမှတ်စဉ်(၃၂)ကို ဇန်နဝါရီ ၂၁ ရက်မှ ၂၉ ရက်အထိ (နေ့စဉ်ရုံးဖွင့်ရက်များသာ) နံနက် ၉ နာရီမှ ၁၂ နာရီခွဲအထိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်ရုံးခွဲ) အမှတ်-၂၂၈၊ ၂၄၀ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ဖွင့်ပွဲကို ဇန်နဝါရီ ၂၁ ရက် နံနက် ၈ နာရီတွင် အဆိုပါရုံး ပဉ္စမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သင်တန်းတက်ရောက်ရန် စာရင်းပေးသွင်းထားသူများအနေဖြင့် သင်တန်းသားစိစစ်ရေးကတ်ပြားများကို ဇန်နဝါရီ ၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ယင်းရုံး အုပ်ချုပ်မှုဌာနတွင် ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်ဆွေးနွေးမှာကြား

နေပြည်တော် ဇန်နဝါရီ ၁၂

၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်ဆွေးနွေးမှာကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟို ကော်မတီဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ တပ်မတော်အရာရှိကြီးများ၊ စီမံခန့်ခွဲမှု ကော်မတီဝင်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ယခင်အစဉ်အလာကောင်းများနှင့်အညီ အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ရေး အတွက် ပဏာမဆွေးနွေးမှာကြားသည်။

ထို့နောက် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဝင်များနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များက (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီများ ဖွဲ့စည်း တာဝန်ပေးအပ်ထားမှု၊ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ၊ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အစီအစဉ် များနှင့် အခမ်းအနားသို့ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ တက်ရောက်ရေး ကိစ္စများ၊ ညစာ စားပွဲကျင်းပရေး၊ ဧည့်ခံကျွေးမွေးရေး၊ ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကများဖြင့် ကပြဖျော်ဖြေရန်စီစဉ်ထားမှုများ၊ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ နေပြည်တော်သို့လာရောက်ရေး၊ ကြိုဆိုဧည့်ခံရေး၊ နေထိုင်စားသောက်ရေးနှင့် လေ့လာရေးခရီးစဉ်များ စီစဉ် ဆောင်ရွက်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ကျန်းမာရေးဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေးဆပ်ကော်မတီ၊ ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီ၊ ညစာ

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

စားပွဲခင်းကျင်းကျွေးမွေးရေးဆပ်ကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ အခမ်းအနား ပြင်ဆင်ရေးဆပ်ကော်မတီ၊ အလံတင် အခမ်းအနားစီစဉ်ရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ညစာစားပွဲ ဖြေဖျော်ရေးဆပ်ကော်မတီ၊ မြေစိုက်ပိုစတာများ စိုက်ထူရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက် များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက တင်ပြချက်များအပေါ်ပြန်လည် ဆွေးနွေးမှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကြည့်မြင်တိုင်ဗားဂရာဆိပ်နှင့် သီရိမင်္ဂလာဈေးသို့ အုန်း၊ ငှက်ပျော၊ ကြံ၊ ပန်းတို့ နေ့စဉ်လှိုင်လှိုင်ဝင်၊ အရောင်းအဝယ်စည်ကား

သတင်းနှင့်ဓာတ်ပုံ–တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရန်ကုန် ဇန်နဝါရီ ၁၂

အများပြည်သူသုံး အုန်း၊ငှက်ပျော၊ကြံ၊ပန်းတို့သည် ကြည့်မြင်တိုင်မြို့နယ်ရှိ ဗားဂရာဆိပ်နှင့် သီရိမင်္ဂလာဈေးကြီးသို့ ရေလမ်းနှင့်ကုန်းလမ်းတို့မှ နေ့စဉ် လှိုင်လှိုင်ဝင်လျက်ရှိသည်။

အုန်း၊ငှက်ပျော၊ကြံတန်းသို့ ဇန်နဝါရီ ၁၁ရက်က ရောက်စဉ် ကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးအောင်ဒင်နှင့် တွေ့ဆုံခဲ့ရာ ၎င်း၏ပြောပြချက်အရ ဧရာဝတီတိုင်း၊ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ကျောင်းကုန်းနှင့် ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်အသီးသီးမှ အုန်း၊ငှက်ပျော၊ကြံတို့ နေ့စဉ်မှန်မှန်ဝင်နေကြောင်း၊ တစ်နေ့ကို အခွံကျွတ်အုန်း သုံးသောင်းမှ ငါးသောင်းခန့်ဝင်ပြီး ဆွဲအုန်းက တစ်သောင်းမှ နှစ်သောင်းဝန်းကျင် ဝင်နေကြောင်း သိခွင့်ရခဲ့သည်။ ဈေးကွက် အနေဖြင့် အခွံကျွတ်အုန်းမှာ ၁၀လုံးဈေး ကျပ် ၁၅၀၀မှ ကျပ် ၂၀၀၀အထိ ရှိပြီး ဆွဲအုန်းမှာ ၁၀လုံးဈေး ကျပ် ၁၅၀၀မှ ကျပ် ၂၅၀၀ရှိကြောင်းသိရသည်။ ထို့အပြင် ဖီးကြမ်း၊ ရခိုင်၊ ရေသီ၊ နံ့သာပု၊ သီးမွှေး၊ ရွှေငှက်ပျောနှင့် ကြံတို့မှာလည်း ရေလမ်းမှ တစ်နေ့သင်္ဘောသုံးစင်း၊ လေးစင်းခန့်ဝင်ကြောင်း၊

သီရိမင်္ဂလာဈေးကြီးသို့ မှော်ဘီမြို့နယ်မှ ပန်းကားများဝင်လာစဉ်။

နေပြည်တော် ပျဉ်းမနားက လာတဲ့ မေမြို့(ရွှေနီ) ပန်းက အရောင်လဲလှ ဈေးလည်း သက်သာတော့ လူတိုင်း အကြိုက်တွေ့ကြတယ်။

ဒေါ်ရှမ်းမ (ပန်းကုန်သည်)

ဈေးနှုန်းမှာလည်း ရာသီအလိုက်သာပြောင်းလဲမှုရှိပြီး အများအားဖြင့် တည်ငြိမ်လျက်ရှိကြောင်းသိရသည်။

ဆက်လက်၍ သီရိမင်္ဂလာဈေးပန်းတန်းသို့ရောက်ရှိခဲ့ရာ ညနေ ၄နာရီခွဲ ခန့်တွင် ပန်းများကိုတင်ဆောင်၍ ကားလတ်၊ ကားလေးများ ဝင်ရောက် လာသည်ကို တွေ့မြင်ရသည်။ ပန်းဒိုင်ပေါင်း ၁၅၀ခန့်ရှိသော်လည်း ဈေးတာဝန်ခံ ဦးစောနိုင်၏ စီမံကြီးကြပ်မှုဖြင့် ယာဉ်ပေါ်မှသည် ဆိုင်ခုံပေါ်သို့ တိုက်ရိုက် ရောက်သူ တင်ရောင်းစနစ် ကျင့်သုံးခြင်းကြောင့် ဈေးမှာ စည်းကမ်းကောင်းမှုနှင့် အတူ ရောင်းဝယ်သူတို့ဖြင့် စည်ကားနေသည်ကို တွေ့မြင်ရသည်။

များသောအားဖြင့် ပန်းများမှာ ခြံပန်းများဖြစ်ပြီး နေပြည်တော် ပျဉ်းမနား၊ မှော်ဘီ၊ တိုက်ကြီး၊ လှည်းကူး၊ အင်းတိုင်၊ မြောင်းတကာ၊ ပြည်၊ ရွှေတောင်၊

ဈေးနှုန်းကတော့ ရာသီအလိုက်သာအပြောင်းအလဲ အနည်းငယ်ရှိပြီး အများအားဖြင့် တည်ငြိမ်နေပါတယ်။

ဦးအောင်ဒင်(အုန်း၊ ငှက်ပျော၊ ကြံဒိုင် ကုန်စည်ဒိုင်ဥက္ကဋ္ဌ)

ဇီးဖြူကုန်း၊ တွံတေးတို့မှ ဝင်သော ပန်းများဖြစ်သည်။ မေမြို့၊ ဂန္ဓမာအဖြူ၊ အဝါ၊ ခရမ်းစပ်၊ သစ္စာပန်း(ရှိုးပန်း)၊ ဇော်စိမ်း၊ ဇော်ကျား၊ ဇော်လုံး၊ သပြေ၊ ကျောက်သပြေ၊ နှင်းဆီ၊ ရွှေပန်း၊ ငွေပန်းစသည်ဖြင့် အမျိုးအမည်၊ အရောင် အသွေးစုံလှသည်။

နေပြည်တော် ပျဉ်းမနားမှဝင်သော မေမြို့(ရွှေနီ)ပန်းမှာ နီညိုရောင် အရောင်အသွေးကျလှပြီး အရိုင်းတစ်စည်း ကျပ် ၅၀၀ ဖြစ်သည့်အတွက် ဈေးသက်သာ၍ လူအများအကြိုက်တွေ့ပြီး အရောင်းရသွက်ကြောင်း သိရှိရ သည်။ပန်းတန်းကို နေ့စဉ် ညနေ ၅နာရီမှ နံနက် ၆နာရီအထိ ဖွင့်လျက်ရှိပြီး ပြည်တွင်းခြံပန်းများမှာ လမ်းပန်းချောမွေ့မှုကြောင့် နေ့ချင်းရောက်လျက် ရှိကြောင်း မေးမြန်းသိရှိရသည်။

(ကြေးမုံ)

သာယာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

လက်ခံတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် တတိယအကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်ကြမည့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီး၊ အာဆီယံ+၃ နိုင်ငံများမှ ဒုတိယဝန်ကြီး၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများအား နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တတိယအကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်ကြမည့် အာဆီယံနှင့် အာဆီယံ+၃ နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများအား လက်ခံတွေ့ဆုံ

နေပြည်တော်   ဇန်နဝါရီ   ၁၂

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် တတိယအကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများ အဆင့် အစည်းအဝေးသို့ တက်ရောက်ကြမည့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီး၊ အာဆီယံ+၃ နိုင်ငံများမှ ဒုတိယဝန်ကြီး၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများအား ယနေ့ ညနေ ၃ နာရီ တွင် နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ယဉ်ကျေးမှု၊ လူငယ်ရေးရာနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး Hon Dato Seri Pahlawan Haji Awang Mohammad bin Haji Daud၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Mounkeo ORABOUN၊ မလေးရှားနိုင်ငံ ယဉ်ကျေးမှု၊ အနုပညာနှင့် အမွေအနှစ်များဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး YB Datuk Seri Utama Dr. Rais Yatim၊ စင်ကာပူသမ္မတနိုင်ငံ ပြန်ကြားရေး၊ ဆက်သွယ်ရေးနှင့် အနုပညာရေးရာဝန်ကြီးဌာန ဝန်ကြီး Dr. LEE Boon Yang၊ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Tran Chien THANG၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန Assistant Minister, Mr. Ding Wei၊ အာဆီယံ အတွင်းရေးမှူးချုပ် Dr. Surin Pitsuwan နှင့် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် တတိယအကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်ကြမည့် အာဆီယံနိုင်ငံများမှဝန်ကြီးများနှင့် ဒုတိယဝန်ကြီး၊ အာဆီယံ + ၃ နိုင်ငံများမှ ဒုတိယဝန်ကြီး၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် အဆင့်မြင့် အရာရှိကြီးများအား နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဟသ်ာတအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန်   ဇန်နဝါရီ   ၁၂

ဟသ်ာတအသင်း(ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးပွဲနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဟသ်ာတအသင်းတိုက်၊ အမှတ် (၁၈၄/၁၈၆)၊ ၄၅ လမ်း၊ ဗိုလ်တထောင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ သက်ကြီးပူဇော်ပွဲအတွက် အသက်(၈၀)နှစ် ပြည့်ပြီးသူ အသင်းသူ၊ အသင်းသားများ၏စာရင်း ပေးပို့ကြပါရန်နှင့် ပညာရည်ချွန်ဆုအတွက် အသင်းဝင်များ၏ သားသမီးများထဲမှ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူ ကျောင်းသား၊ ကျောင်းသူများ၏ အမည်စာရင်းပေးပို့ကြရန် ဖိတ်ခေါ်ထားသည်။

အဆိုပါစာရင်းများကို ဒုတိယဥက္ကဋ္ဌ ဦးတင်ရှိန် ဖုန်း-၅၀၂၃၀၃၊ ဒုတိယဥက္ကဋ္ဌ ဟသ်ာတဦးမြင့်ဋ္ဌေ ဖုန်း-၅၃၇၄၀၆၊ ဘဏ္ဍာရေးမှူး ဒေါ်ညွန့်ညွန့် ဖုန်း-၂၄၅၃၉၅၊ စည်းရုံးရေးမှူး ဒေါက်တာ အောင်ဝင်းမောင် ဖုန်း-၃၉၂၂၂၁နှင့် ဟသ်ာတအသင်းတိုက် ဖုန်း-၂၀၁၁၁၄တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း၊ သက်ကြီးပူဇော်ပွဲတွင် လှူဒါန်းလိုသူများလည်း ကြိုတင်၍ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်းနှင့် အသင်းသူ အသင်းသားများ၊ အသင်းမဝင်ရသေးသော ဟသ်ာတသူ၊ ဟသ်ာတသားများ အားလုံး စုံညီစွာတက်ရောက်ကြပါရန် ဟသ်ာတအသင်းမှ နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒေးဒရဲမြို့နယ်အသင်း နှစ်ပတ်လည် အစည်းအဝေး

ရန်ကုန်   ဇန်နဝါရီ   ၁၂

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၂၀ ရက် နံနက် ၈ နာရီတွင် ဒေးဒရဲမြို့နယ်အသင်း ဓမ္မာရုံ ကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်သည်။ နှစ်ပတ်လည် အစည်းအဝေးနှင့်အတူ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူး ရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားများပါ ပြုလုပ်မည်ဖြစ်ပါ၍ မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

ထူးခြားသည့် ညအပူချိန်များ

၁၂-၁-၂၀၀၈

လွိုင်လင်
၀ ဒီဂရီစင်တီဂရိတ်

ပင်လောင်း
၁ ဒီဂရီစင်တီဂရိတ်

ဟဲဟိုး
၄ ဒီဂရီစင်တီဂရိတ်

မိုးကုတ်
၅ ဒီဂရီစင်တီဂရိတ်

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃-၁-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ နဂါးရေလှောင်တမံ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Say It In English.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂:၀၅ ၅။ **မြန်မာရုပ်ရှင် "ရင်ထဲကဆောင်းရာသီ" (လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ မြတ်ကေသီအောင်) (ဒါရိုက်တာ-မောင်ဝဏ္ဏ)**
၂:၃၀ ၆။ ပူဇော်မပြတ်အစဉ်မြတ်ရင်ခွင်
၂:၄၀ ၇။ သစ်လွင်ခံ့ညားဖားတစ်ရှဉ်းတံတား
၂:၄၅ ၈။ International News.
၃:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Every day Use
၄:၄၀ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)**
၄:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၁၀ ၆။ တေးဂီတအစီအစဉ်
၅:၂၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၃၀ ၉။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၀။ **"ညှော်မယ်ဇူး" (ခန့်စည်သူ၊ ၄က်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)**
၆:၄၅ ၁၁။ ပညာရေးအတွက် ICT
၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့အားမာန်" (အပိုင်း-၄)**
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချိုမြိန်သော အချစ်နေ့" (အပိုင်း-၁၂)**
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

ပဲခူးမြို့ ဥဿာမြို့သစ် ပညာမွန် ပရိယတ် –ပဋိပတ် ကျောင်းတိုက် မနောမယပတ္တမြားစေတီတော်မြတ်ကြီး အရှေ့ဘက်မုခ်ပေါက် အဝင်ဝ–လမ်းကူးကွန်ကရစ်တံတားနှင့် ဓမ္မာရုံ အဆောက်အအုံ ဆောက်လုပ်ရန် အလှူတော်ငွေကျပ် ၆၃ သိန်းကို လန်ဒန်မြို့နေ ဒေါက်တာ ဒေါ်ခင်သက်မော်နှင့် မောင် ဒေါက်တာ ဦးမြင့်ဝင်း မိသားစုတို့က အလုံမြို့နယ် ကျောင်းလမ်းနေ ကိုအောင်အောင်မှတစ်ဆင့်လှူဒါန်းရာပညာမွန် ဆရာတော် ဘဒ္ဒန္တ ပညာသာမိက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က–ပ)

မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ရန်ပုံငွေ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ ကစားမည်

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ကြီးမှူး၍ အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ယနေ့ ဇန်နဝါရီ ၁၃ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီမှစ၍ နာမည်ကြီး ရုပ်ရှင်သရုပ်ဆောင်များ၏ စင်တင်တေးဂီတဖျော်ဖြေမှုနှင့် ဟာသလူရွှင်တော်များ၏ ဖျော်ဖြေပွဲအပြီး ညနေ ၄ နာရီတွင် မြန်မာနိုင်ငံရုပ်ရှင် သရုပ်ဆောင်(အမျိုးသား) ဘောလုံးအသင်းနှင့် မြန်မာ့လက်ရွေးစင်(အမျိုးသမီး) ဘောလုံးအသင်းတို့ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ကစားကြမည်ဖြစ်ရာ အမျိုးသားသရုပ်ဆောင် ဘောလုံးအသင်းတွင် လွင်မိုး၊ လူမင်း၊ ရာဇာနေဝင်း၊ နေထက်လင်း၊ နိုင်းနိုင်း၊ သူထူးစံ၊ ထွန်းထွန်း၊ နေမျိုးအောင်၊ နန္ဒ၊ ပြေဇင်၊ ဥက္ကာ(ဓာတ်ခဲ)၊ ပြေတီဦး၊ ပိုင်ဇေရဲထွန်း၊ ဇာနည်၊ ဖြိုးငွေစိုး၊ ကျော်ကျော်ဗို၊ မြင့်မြတ်၊ ဟိန်းဝေယံ၊ အောင်ပိုင်၊ ကျော်ဇောဟိန်း၊ ညီညီမင်းထက်၊ ကျော်ဝင်းထွဋ်၊ မင်းရာဇာ၊ ဘုန်းသျှန်၊ ရူပ၊ ဖိုးတာ၊ ထူးသာ၊ ကိုပေါက်၊ လင်းမောင်၊ သတိုးဇော၊ အောင်ခိုင်၊ ပျံလွှားနှင့် ဒါရိုက်တာ ကျော်ဇောလင်း (အတွေးပုံရိပ်)တို့ ပါဝင်ကစားကြမည်ဖြစ်သည်။ အထူးတန်း ပွဲကြည့်စင်အတွက် လက်မှတ်တစ်စောင်ကျပ် ၃၅၀၀၊ မြောက်ဘက်တန်း ပွဲကြည့်စင်အတွက် ကျပ် ၁၀၀၀ နှုန်းဖြစ်ပြီး လက်မှတ်များကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဖုန်း–၅၄၄၂၇၀၊ ၅၄၄၂၇၁၊ ၇၂၇၈၃၁၊ အောင်ဆန်းအားကစားပြိုင်ကွင်း အထူးတန်း ဝင်ပေါက်လက်မှတ်တန်း၊ ဝဇီရာရုပ်ရှင်ရုံ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲရုံးများ၊ ယုဇနပလာဇာ၊ စူပါဝါဝါဗီဒီယို ထုတ်လုပ်ဖြန့်ချိရေး ဖုန်း–၀၉–၅၀၀၄၅၂၃၊ ၇၀၄၈၁၄တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကို ကြိုဆို ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲနှင့် သန့်ရှင်းရေးလုပ်အားပေးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲနှင့် သန့်ရှင်းရေး လုပ်အားပေးပွဲကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရန်ကုန်တိုင်းရင်းဆေးရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် တာဝန်ရှိသူများအား ရန်ကုန်တိုင်းရင်းဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဦးသိမ်းကျော်က ဆေးရုံဝင်းအတွင်း လုပ်ကွက်အလိုက်ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနေမှုနှင့် အထူးသန့်ရှင်းရေး စုပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့် တာဝန်ရှိသူများက သတ်မှတ်သည့် နေရာများ၌ ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပေးကြပြီး ဆေးရုံဝင်း အတွင်းအပြင် သန့်ရှင်းရေး စုပေါင်းဆောင်ရွက်နေကြသည့် လူမှုရေး အသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကြသည်။

ယင်းနောက် ရန်ကုန်တိုင်းရင်းဆေးရုံကြီး ဆေးပဒေသာပင်စိုက်ထူရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ် နှစ်သိန်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ငွေကျပ်တစ်သိန်း၊ ဖွံ့ဖြိုးအောင် ဆောက်လုပ်ရေး ဦးဝင်းသိန်း–ဒေါ်တင်တင်လှက ငွေကျပ်သုံးသိန်း၊ ဗိုလ်မှူးချုပ် စည်သူတင်ဖေ(ငြိမ်း) ဆရာမကြီး မမြတ်လေး၊ သားသမီး မြေးမြစ်တစ်စု မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးဘသန်း–ဒေါ်ခင်မာဝင်းက ငွေကျပ်တစ်သိန်း၊ သမားတော်ကြီး မှန်ချို ဦးလှဌေး သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်နွယ်ဦးက ငွေကျပ်တစ်သိန်း၊ ဦးမောင်ဝင်း – ဒေါ်စန်းစန်းအေး ချမ်းသာကြီး အသေးစားငွေချေးလုပ်ငန်းက ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ် ၁၀ သိန်းတို့ကို ဆေးရုံအုပ်ကြီး ဒေါက်တာဦးသိမ်းကျော်ထံ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍မြန်မာနိုင်ငံကြက်ခြေနီအသင်း (ကျောင်းကြက်ခြေနီ) အကြံပေးပုဂ္ဂိုလ် ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်သည် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်ကြက်ခြေနီအသင်းက ကြီးမှူးကျင်းပသော ကျောင်းကြက်ခြေနီ ရှေးဦးသူနာပြုစုခြင်း(အခြေခံ) သင်တန်း အမှတ် (၁/၂၀၀၇) ဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး ဆုရရှိသော သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုဆုများနှင့် အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၃ ရက်က တာမွေ မြို့နယ် အမက(၁၅)၌ ပညာရေး စုံညီပွဲတော်နှင့် ဘက်စုံပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကိုရီက သူငယ်တန်းတွင် အင်္ဂလိပ်စာ ထူးချွန်ဆုရရှိသူ မယွန်းအိန္ဒြေသက်နွယ်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ချယ်လ်ဆီးက စပါးစ်ကို အနိုင်ရ

လန်ဒန် ဇန်နဝါရီ ၁၂

အင်္ဂလန်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို ယနေ့ကျင်းပရာ ချယ်လ်ဆီးအသင်းက စပါးစ်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ချယ်လ်ဆီးအသင်းသည် စပါးအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးဇယား၌ ထိပ်ဆုံးမှရပ်တည်နေသော အာဆင်နယ်အသင်းနှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့ကို ဆက်လက်ဖိအားပေးနိုင်ဆဲဖြစ်သည်။

ပွဲချိန် ၁၉ မိနစ်တွင် ချယ်လ်ဆီးအသင်းမှ ဂျူလီယာနို ဘယ်လက်တီက စပါးစ်အသင်း နောက်တန်းအားနည်းသွားချိန်တွင် အဖွင့်ဂိုးသွင်းယူနိုင်သည်။

စပါးစ်အသင်းသည် ဂိုးသွင်းနိုင်မည့် အခွင့်အလမ်းများရရှိရန် ကြိုးပမ်းခဲ့သော်လည်း အထမမြောက်ခဲ့ပေ။

ချယ်လ်ဆီးအသင်းအတွက် ဒုတိယမြောက်ဂိုးကို ပွဲချိန် ၈၅ မိနစ်တွင် ရှောင်ရိုက်ဖီးလစ်က သွင်းယူခဲ့သည်။

အခြားပွဲရလဒ်များ

အာဆင်နယ်	(၁–၁)	ဘာမင်ဂမ်
ဝက်စ်ဟမ်း	(၂–၁)	ဖူလ်ဟမ်
အက်စ်တန်ဗီလာ	(၃–၁)	ရီးဒင်း
အဲဗာတန်	(၁–၀)	မန်စီးတီး
မစ်ဒယ်ဘရော့	(၁–၁)	လီဗာပူး
ဒါဘီ	(၀–၁)	ဝီဂန်
မန်ယူ	(၆–၀)	နယူးကာဆယ်

အင်တာနက်။

ဟွန်ဒူးရပ်စ် ကွင်းလယ် ကစားသမား ဝီလ်ဆင် ပလာစီယို။

(ဓာတ်ပုံ–အင်တာနက်)

ဟွန်ဒူးရပ်စ် ဘောလုံးသမား ပလာစီယို ဝီဂန်အသင်း၌ စတင် ကစားပြီ

ဝီဂန် (အင်္ဂလန်) ဇန်နဝါရီ ၁၂

ဟွန်ဒူးရပ်စ် ကွင်းလယ်ကစားသမား ဝီလ်ဆင် ပလာစီယိုသည် သုံးနှစ်ခွဲ သက်တမ်းရှိ ကန်ထရိုက်စာချုပ်ဖြင့် ဝီဂန်အသင်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း ယင်းအသင်းက ယနေ့ထုတ်ပြန်ကြေညာသည်။

ဒီပိုတီဗို အိုလမ်ပီယာ အသင်းမှ ရောက်ရှိလာသည့် ပလာစီယို (၂၃)နှစ်သည် လက်ရှိဘောလုံးရာသီ အစောပိုင်းက ဘာမင်ဂမ်အသင်းအတွက် အငှားချစာချုပ်အရ ခြောက်ပွဲပါဝင်ကစားခဲ့သည်။ ပလာစီယိုသည် ဇန်နဝါရီ ၁၂ ရက်မှစ၍ ဝီဂန်အသင်းတွင် ဦးစားပေး ဘောလုံးသမားတစ်ဦး အဖြစ် ပါဝင်ကစားခွင့် ရရှိသည်။

ပလာစီယို၏ ဘောလုံးအရည်အသွေးကို မိမိ ကောင်းစွာသိရှိကြောင်း ဝီဂန်အသင်းမန်နေဂျာ စတိဗ်ဘရုစ်က ပြောကြားသည်။ ဘရုစ်သည် ဘာမင်ဂမ်အသင်းကို တာဝန်ယူခဲ့စဉ်က ယင်းအသင်းတွင် အငှားချစာချုပ်အရ ပလာစီယို ကစားခဲ့သည်။ ***အင်တာနက်။***

ပရီမီယာလိဂ်၌ ရလဒ်ကောင်းရေး အာဆင်နယ်မန်နေဂျာ မျှော်မှန်း

လန်ဒန် ဇန်နဝါရီ ၁၂

အာဆင်နယ်အသင်းသည် ကမ္ဘာ့ဘောလုံးလောကတွင် အချမ်းသာဆုံး ကလပ်အသင်းတစ်သင်းအဖြစ် ရပ်တည်လာနိုင်ပြီဖြစ်ရာ မန်နေဂျာ အာဆင်းဝင်းဂါးအနေဖြင့် ပရီမီယာလိဂ် ချန်ပီယံဆုဖလားရရှိရန် ကြိုးပမ်းနိုင်ခြင်း ရှိမရှိ လေ့လာစောင့်ကြည့်ကြရမည်ဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အာဆင်နယ်အသင်းသည် လောလောဆယ်တွင် မန်ချက်စတာယူနိုက်တက်အသင်းထက် နှစ်မှတ်အသာဖြင့် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ရပ်တည်နိုင်မှုကို ဆက်လက်ထိန်းထားရန် လိုအပ်သည်။ ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲအရှိန်အဟုန် ရလာသည်နှင့်အမျှ လာမည့်ပွဲစဉ်များသည် အာဆင်နယ်အသင်းအတွက် အရေးကြီးသော ပွဲစဉ်များဖြစ်မည်ဆို၏။

အာဆင်နယ်အသင်းမှ ကိုလိုချာ၊ အီမန်နျူယယ်အီဘူးနှင့် အလက်ဇန္ဒာဆောင်းတို့သည် အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ၌ ပါဝင်ကစားမည်ဖြစ်ရာ အသင်း၌ အားနည်းမှု ဖြစ်စေနိုင်ကြောင်း သုံးသပ်လျက်ရှိကြသည်။ ***အင်တာနက်။***

ပရီမီယာလိဂ်ဘောလုံးသတင်းများ

ဇန်နဝါရီ ၁၂ ရက်က လန်ဒန်ရှိ စတမ်းဖို့ဒ်ဘရေ့ချ်ကွင်း၌ ကျင်းပသော ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်းမှ ရှောင်ရိုက်ဖီးလစ်က စပါးစ်အသင်းမှ ကီဗင်ပရိုက်စ်ဘက်တင်းနှင့် ဘောလုံးယှဉ်လုစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ချန်ပီယံ ဆုဖလား ရရှိရေး ချယ်လ်ဆီးမန်နေဂျာ ကြိုးပမ်းလို

လန်ဒန် ဇန်နဝါရီ ၁၂

ချယ်လ်ဆီးအသင်းသည် လေးနှစ်အတွင်း တတိယအကြိမ် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ချန်ပီယံဆုဖလားရရှိရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်း ယင်းအသင်း၏ မန်နေဂျာ အေဗရမ်ဂရန့်က ယနေ့ပြောကြားသည်။

ချယ်လ်ဆီးအသင်းတွင် ထိခိုက်ဒဏ်ရာရရှိမှုများနှင့် အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ၌ လက်ရွေးစင်အသင်းအတွက် ကစားနေရသူများရှိနေခြင်းကြောင့် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား အများအပြား ပါဝင်ကစားနိုင်ခြင်း မရှိသော်လည်း အာဆင်နယ်အသင်းနှင့် ဒုတိယနေရာ၌ရှိနေသော မန်ချက်စတာ ယူနိုက်တက်အသင်းတို့နှင့် ဆက်လက်ယှဉ်ပြိုင်နိုင်ရန် အေဗရမ်ဂရန့်က နည်းလမ်းရှာကြံလျက်ရှိသည်။

ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့် အင်္ဂါနေ့က ကားလင်းဖလား အကြိုဗိုလ်လုပွဲ ပထမအဆင့်တွင် အဲဗာတန်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ရလဒ်ကောင်းများ ရရှိရန် ဆက်လက်ကြိုးပမ်းမည်ဖြစ်ကြောင်း ဂရန့်က ပြောကြားသည်။ ***အင်တာနက်။***

ဇန်နဝါရီ ၉ ရက်က ကျင်းပသော ကားလင်းဖလားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပထမအဆင့်တွင် အဲဗာတန်အသင်းဘက်သို့ ဂိုးသွင်းပြီးနောက် ချယ်လ်ဆီးအသင်းမှ ရှောင်ရိုက်ဖီးလစ်အောင်ပွဲခံနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကယားပြည်နယ် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကျင်းပ ပြည်နယ်နှင့်တိုင်း လက်ရွေးစင်ဟောင်းများ ပါဝင်ကစား

ရန်ကုန် ဇန်နဝါရီ ၁၂

ကယားပြည်နယ် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၈ ရက်မှစ၍ လွိုင်ကော်မြို့ ငြိမ်းချမ်းရေး အားကစားကွင်း၌ ကျင်းပလျက်ရှိသည်။

အဆိုပါပြိုင်ပွဲတွင် ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ် လက်ရွေးစင်ဟောင်းလေးသင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲမစတင်မီ ပြိုင်ပွဲဝင်လေးသင်းအား ကယားပြည်နယ် အားကစားပြိုင်ပွဲကျင်းပရေးကော်မတီနှင့် ဘောလုံးပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းကျော်၊ ကယားပြည်နယ် အားကစားမှူး ဦးဝင်းငွေနှင့် တာဝန်ရှိသူများက လိုက်လံနှုတ်ဆက်ကြသည်။

ရန်ကုန်တိုင်း လက်ရွေးစင်ဟောင်းအသင်းတွင် အုပ်ချုပ်သူ ဦးလှရွှေလေးနှင့် နည်းပြ ဦးပန်စစ်(မြန်မာ့လက်ရွေးစင်ဟောင်း)၊ ကစားသမား အောင်ထွန်းထွန်း၊ မောင်မောင်ဌေး၊ ဌေးမြင့်၊ ဇော်ဝင်းထွန်း၊ ဟန်ထွန်း၊ မျိုးချစ်(ဂိုး)၊မင်းဇော်ဦးနှင့် စိုးဝင်းစသည့် ကစားသမားများပါဝင်သည်။ ကယားပြည်နယ်အသင်းတွင် အုပ်ချုပ်သူ ဦးထွန်းကျော်၊ နည်းပြ ဗိုလ်ကြီးကျော်မျိုးအောင်၊ ကစားသမား ယောဟန်၊ စောကိုလေး၊ ရီမွန်ပေါလ်နှင့် ဟင်နရီ၊ မန္တလေးတိုင်းအသင်းတွင် အုပ်ချုပ်သူ ဦးမြင့်လွင်၊ နည်းပြ ဦးခင်မောင်တင့်၊ ကစားသမား ထွန်းမြ၊ ကျော်ဇေယျာ၊ ဇော်ဝင်းထွန်း၊ ရှမ်းပြည်နယ်အသင်းတွင် အုပ်ချုပ်သူ ဦးခင်မောင်လွင်ကြီး၊ နည်းပြ ဦးဟယ်ရီ၊ ကစားသမား ဌေးအောင်၊ စန်းအောင်၊ ဇော်ဇော်ဝင်း၊ ခွန်မြတ်သူနှင့် ခင်မောင်လွင်လေး စသည့်နာမည်ကြီး ကစားသမားဟောင်းများပါဝင်ကြသည်။

ဆုကြေးအဖြစ် ပထမဆု ကျပ် ၁၀ သိန်း၊ ဒုတိယဆု ကျပ်ခုနစ်သိန်းနှင့် ပူးတွဲတတိယဆု ကျပ်ငါးသိန်းစီ ချီးမြှင့်မည်ဖြစ်သည်။

ဒေသခံအသင်းများပါဝင်သောလူသစ်တန်းဘောလုံးပြိုင်ပွဲတွင် ပထမဆု ကျပ်လေးသိန်း၊ ဒုတိယဆု ကျပ်သုံးသိန်းနှင့် ပူးတွဲတတိယဆု ကျပ်နှစ်သိန်းစီ ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါဘောလုံးပြိုင်ပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဒိုင်လူကြီးများဖြစ်သည့် ဦးသန်းဝင်း၊ ဦးတင့်ဆန်း၊ ဦးထွန်းထွန်းဇော်နှင့် ပြည်နယ်နှင့်တိုင်းမှ ဦးဟယ်ရီနှင့် ဦးခွန်မြတ်သူတို့က ဆောင်ရွက်ကြပြီး ကယားပြည်နယ် ဒိုင်လူကြီး ပေါ်ထွက်ရေးအတွက် သင်တန်းများ ပို့ချပေးမည်ဖြစ်သည်။

ပြိုင်ပွဲဝင်အသင်းများ စားစရိတ်နှင့် နေထိုင်သွားလာရေး စရိတ်များကို သက်ဆိုင်ရာမှအကုန်အကျခံဆောင်ရွက်ပေးထားပြီး ပြိုင်ပွဲများကို ဇန်နဝါရီ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်ဟောင်း ဘောလုံးသမားများ၏ ကစားပုံ ကစားဟန်များကို ကယားပြည်နယ်မှ လူငယ်မျိုးဆက်သစ်များ တွေ့ရှိပြီး စိတ်ပါဝင်စားလာရန်နှင့် ကယားပြည်နယ် ဘောလုံးအားကစား ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်ဟု သိရှိရသည်။

(ကြေးမုံ)

ကယားပြည်နယ် အားကစားပြိုင်ပွဲကျင်းပရေးကော်မတီနှင့် ဘောလုံးပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းကျော် ပြိုင်ပွဲဝင် အားကစားသမားများအား လိုက်လံနှုတ်ဆက်စဉ်။ (ကြေးမုံ)

❍ **ကျောဖုံးမှ**

ဗုံးပေါက်ကွဲမှုဖြစ်လျှင်ဖြစ်ချင်း အနီးပတ်ဝန်းကျင်ရှိ လူအုပ်အတွင်းမှ မသင်္ကာဖွယ်လူတစ်ဦး ထွက်ပြေးသဖြင့် အနီးရှိပြည်သူများက ၎င်းအား ဝိုင်းဝန်းဖမ်းဆီးခဲ့ကြသည်။

ဗုံးပေါက်ကွဲမှုကြောင့် ညောင်ပင်သာကျေးရွာနေ မစန်းယုမော် (၃၀)နှစ်၊ ရေအိုးစင်ကျေးရွာနေ မောင်မင်းထိုက်သာ(၄)နှစ်၊ ရေအိုးစင်ကျေးရွာနေ မနွဲ့နွဲ့ဝင်း (၂၆)နှစ်နှင့် ကျီးမနိုးကျေးရွာနေ မတင်ယုမော် (၂၂)နှစ်တို့ ဗုံးစများ အသီးသီး ထိမှန်ဒဏ်ရာရရှိခဲ့ကြသည်။

ပေါက်ကွဲမှုဖြစ်လျှင်ဖြစ်ချင်း ထွက်ပြေးသဖြင့် ပြည်သူလူထုက ဝိုင်းဝန်းဖမ်းဆီးခဲ့သူမှာ ကျောက်ကြီးမြို့နယ် တပ်ကုန်းကျေးရွာနေ စောရမကီး (၂၈)နှစ်ဖြစ်သည်။ ၎င်းအား စစ်ကြောမေးမြန်းရာ သေဆုံးသူမှာ KNU သောင်းကျန်းသူ တပ်မဟာ(၃) ရင်း(၈)မှ ဆက်ကြေးတာဝန်ခံ တပ်ကြပ်အဆင့်ရှိ စောဒီသောမူးဖြစ်ကြောင်း၊ ၎င်းတို့ရွာသို့ စောဒီသောမူး ဆက်ကြေးကောက်ခံရန် လာရောက်စဉ် ၂၀၀၆ ခုနှစ် ဇန်နဝါရီလတွင် ၎င်းတို့စတင်ရင်းနှီးခဲ့ကြောင်း၊ ၎င်းတို့နှစ်ဦးသည် ဇန်နဝါရီ ၁၁ ရက် နံနက် ၆ နာရီတွင် ကျောက်ကြီးမြို့နယ် ကျီးပင်ကျေးရွာမှ ထွက်ခွာလာရာ ကညွတ်ကွင်းမှတစ်ဆင့် ညောင်ပင်သာကျေးရွာသို့ ညနေ ၅ နာရီခန့်တွင် ရောက်ရှိခဲ့ကြောင်း၊ ထို့နောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျင်းပနေသော ညောင်ပင်သာကျေးရွာ ဘောလုံးကွင်းအတွင်း ရောက်ရှိပြီး ဈေးတန်းတွင် အကြော်စားခဲ့ကြကြောင်း၊ထိုသို့အကြော်စားနေစဉ် ညနေ ၆နာရီခန့်တွင် စောဒီသောမူးမှာ ၎င်းကိုင်ဆောင်လာသောအိတ်နှင့်အတူ ဈေးတန်းအနီးရှိ ရေတွင်းဘက်သို့သွား၍ မှောင်ရိပ်ခိုကာ ဖောက်ခွဲမည့်ဗုံးအား ပြင်ဆင်ခဲ့ကြောင်း၊ ထိုသို့ ပြင်ဆင်စဉ် ပေါက်ကွဲမှုဖြစ်ပွားကြောင်း၊ ၎င်းအနေဖြင့် ကြောက်ရွံ့ပြီး အဆိုပါနေရာအနီးမှ ထွက်ပြေးရာ အနီးရှိပြည်သူများ၏ ဝိုင်းဝန်းဖမ်းဆီးမှုကို ခံရခြင်းဖြစ်ကြောင်းဖြင့် သိရှိရသည်။

ယခုကဲ့သို့ အကြမ်းဖက်သောင်းကျန်းသူ ဖောက်ခွဲဖျက်ဆီးရေးသမားများအား မိမိတို့နိုင်ငံအပေါ် ဗိုလ်ကျစိုးမိုးလိုသော ပြည်ပရှိ အဖွဲ့ကြီးတစ်ဖွဲ့က

မတင်ယုမော်(၂၂)နှစ် (ဝဲလက်ဖျံအစမှန်) (မစိုးရိမ်ရ)

ငွေကြေးနှင့် ဆက်စပ်ပံ့ပိုးပစ္စည်းများထောက်ပံ့၍ မိမိတို့နိုင်ငံအတွင်း အပြစ်မဲ့ပြည်သူများသေကျေဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန်နှင့် နိုင်ငံတည်ငြိမ်မှု ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်ဖောက်ခွဲနေခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့အတူ ယမန်နေ့နံနက် ၄နာရီခွဲခန့်က နေပြည်တော်ပျဉ်းမနားဘူတာအနီး ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ အများသုံးအိမ်သာအတွင်း၌ ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သော နော်ဂေးလာ၏ ခရီးဆောင်အိတ်အတွင်းမှ အဝတ်အစားများအား စစ်ဆေးရာတွင်လည်း အဝတ်အစားများတွင် ယမ်းမှုန့်အစအနများ ကပ်နေသည်ကို တွေ့ရှိရသဖြင့် သေဆုံးသူအမျိုးသမီးသည် ဗုံးဖောက်ခွဲရန် ပြင်ဆင်နေစဉ် အလားတူပေါက်ကွဲပြီး သေဆုံးခဲ့ရခြင်းဖြစ်ကြောင်းသိရှိရသည်။ ယခု ဖြစ်စဉ်တွင်လည်း စောဒီသောမူးသည် ပွဲခင်းအတွင်း ပွဲကြည့်နေသော ပြည်သူများ သေကျေဒဏ်ရာရရှိစေရန်အတွက် ဗုံးဖောက်ခွဲရန် လာရောက်ခြင်းဖြစ်ပြီး ဖောက်ခွဲရန်ပြင်ဆင်နေစဉ် ယခုကဲ့သို့ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှစ်ခုစလုံးတွင် အသုံးပြုသောယမ်းများမှာ အမေရိကန်နိုင်ငံလုပ် ယမ်းပြင်းများဖြစ်ပြီး အမျိုးအစားတူညီနေသည်ကို တွေ့ရသဖြင့် ဤကဲ့သို့ အကြမ်းဖက်ဖောက်ခွဲမှုများကို အဖွဲ့အစည်းကြီးတစ်ခုတည်းမှ ကြိုးကိုင်စီစဉ်နေခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရအောင် အကြမ်းဖက်ဖောက်ခွဲမှုများ လုပ်ဆောင်နေသူများနှင့် ထိုသို့လုပ်ဆောင်ရန် စီစဉ်နေသူများကို အများပြည်သူတို့က စက်ဆုပ်ရွံရှာလျက်ရှိကြောင်း သိရသည်။

တာဝန်ရှိသူများက အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသမားများနှင့် ဖောက်ခွဲရေးပစ္စည်းများကို ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူများကလည်း သတိပြုစောင့်ကြပ်ကြည့်ရှုပြီး တာဝန်ရှိသူများအား ပူးပေါင်းကူညီဆောင်ရွက်ရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မစန်းယုမော်(၃၀)နှစ် (ဘယ်ပေါင်ယမ်းစဝင်) (မစိုးရိမ်ရ)

မနွဲ့နွဲ့ဝင်း(၂၆)နှစ် (ကျောအစမှန်) (မစိုးရိမ်ရ)

မောင်မင်းထိုက်သာ(၄)နှစ် (ညာချိုစောင်းအစမှန်) (မစိုးရိမ်ရ)

ကြေးမုံ The Mirror မှုခင်းသတင်း

ရန်ကုန်မှမြောင်းမြသွား ဗလကျော်ထင်ရေယာဉ်ပေါ်တွင် ခရီးသည်တစ်ဦး၏ ရွှေငွေများ ခိုးယူခံရ

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်မြို့မှ မြောင်းမြမြို့သို့ ၂၀၀၈ခုနှစ် ဇန်နဝါရီလ ပထမပတ်အတွင်းက ထွက်ခွာလာသော ဗလကျော်ထင်ရေယာဉ်၊ အခန်းအမှတ်(၇)တွင် စီးနင်းလိုက်ပါလာသူ မြောင်းမြမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဦးဘချိုလမ်းနေ ဒေါ်စန်း(ခ) ဒေါ်စန်းရင်(၆၀)နှစ်နှင့် မြေးဖြစ်သူ ဝင်းထက်အောင်(၁၄)နှစ်တို့သည် နံနက်ပိုင်း အိပ်ရာမှနိုးလာစဉ် ခေါင်းအုံးဘေး၌ထားရှိသည့် အညိုရောင်စလင်းဘက်အိတ်မှာ ပျောက်ဆုံးနေသည်ကိုသိရှိရပြီး အိတ်အတွင်း၌ ငါးမတ်သား ရွှေဆံညှပ်တစ်ခု၊ မန်ကျည်းစေ့ခန့် ကျောက်စိမ်းတစ်လုံးနှင့် ငွေကျပ် ၄၀၄၀၀၀ ပါသွားသဖြင့် စုစုပေါင်းတန်ဖိုး ကျပ် ၁၀၁၄၀၀၀ဖိုး ပျောက်ဆုံးခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မြောင်းမြရဲစခန်းသို့တိုင်ကြားခဲ့ရာ ရဲစခန်းက (ပ)သတင်းချက် အမှတ်၈/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀အရ အမှုဖွင့်လှစ်ပြီး တရားခံ ဖမ်းဆီးရမိရေးစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊ လူမှုထူးချွန်(ပထမဆင့်)

ဦးခင်မြင့် (ရတနာ့ဝင်းသုံးဆယ်လီမိတက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်အမှတ် (၁/၂၀၀၈)ဖြင့် **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**ဘွဲ့ အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နိုင်ငံ့အကျိုး ဆတက်ထမ်းပိုး သယ်ပိုးနိုင်ပါစေ။

ဦးတင်မြင့် Asia King Co., Ltd. ဦးဟုတ် သီဟရာဇာ Co., Ltd. ဦးစိုးမိုး
ဦးမျိုးသန့် မျိုးသန့်အောင် Co., Ltd. ဦးအောင်သိန်း အောင်သီဟCo.,Ltd. ဦးဆေးနိုင်
ဦးဇေယျာဦး–ဒေါ်မြင့်မြင့်စိုး(ရတနာစိုးပွဲရုံ) ဦးတင်စိုး၊ဦးဇော်မင်း(ဟိန်းပွဲရုံ) ဦးကုလားဖြူ
ဦးသိန်းဝင်း၊ဦးကျော်လင်း(စိန်ထန်းပင်ပွဲရုံ) ဦးဝင်းထိုက် Future Plus Co.,Ltd. ဦးဖြိုးကြိုင်
ဦးမောင်မောင်ဆွေ၊ဦးချစ်နိုင်(ရွှေမီးအိမ်ပွဲရုံ) ဦးတင်လှ(အောင်မြန်မာပွဲရုံ) ဦးအားနိုင်
ဦးမင်းကိုဦး–ဒေါ်ကေသီစိုး(ငွေမိုးမိသားစု) ဦးဇော်မျိုးမင်း Diamond Century Co., Ltd.
ဦးကျော်ထွန်း၊ဦးဝင်းအောင်သန့်(ကံလင်းပွဲရုံ) ဦးမြတ်သူ ဟန်ရတနာတင် Co., Ltd.
ဦးမင်းသန့်–ဒေါ်မြတ်သီတာ(သူရိယပွဲရုံ) ဦးဋ္ဌေးအောင် မဟာသိင်္ဂီကြယ် Co., Ltd.
Sunni Kumar City Made Trading ဦးဟုတ်စိန်၊ ဦးဝင်းမော် Asia Trade House
ဦးမြင့်ဦး Golden Lion Enterprise ဦးမောင်သီး–ဒေါ်နွယ်နွယ်ဝင်း (ကံ့ကော်သာပွဲရုံ)
ဦးကျော်ဝင်း KB International Co.,Ltd. ဦးအောင်စိုးဝင်း–ဒေါ်မိုး (NNS ပွဲရုံ)
ဦးဇော်ဇော်၊ ဦးဇော်မင်း (မဟာနဒီပွဲရုံ) ဦးအေးလွင်၊ ဦးအောင်သိန်းဝင်း (ရွှေကျားမင်းပွဲရုံ)
ဦးမြတ်စိုး (စိန်မြင်းပျံပွဲရုံ) ဦးမျိုးဝင်း (ရှမ်းကမ္ဘာပွဲရုံ) ဦးကူးကူး (ထွန်းရောင်ခြည်ပွဲရုံ)
ဦးဇော်မိုးသန့် (ရွှေသစ်ဦးပွဲရုံ) ဦးမြင့်သိန်း (ဘောဂကြီး) ဦးသောင်းဟန် Yeo brothers
ဦးစိုးအောင် New World ဦးမြင့်နိုင် (ရွှေဆင်မင်းပွဲရုံ) ချမ်းငြိမ်းဝင်း (ပြည့်ဖြိုးဝေပွဲရုံ)
ဦးရဲမြင့် Golden Circle ဦးမျိုးမြင့်နှင့်ဇနီး (မန္တလေး) ဦးတင်မောင်စိုး (ပြည့်စုံပွဲရုံ)
ဦးတင်ထွေး (ရွှေဝါအားမာန်) ဦးအစိမ်း (ကျားပျံပွဲရုံ) ဦးကျော်စန်းမိုး မိုးထက် Co., Ltd.
ဦးစံလွင်၊ ဦးစိုးသန့်–ဒေါ်ကြူကြူမာ (ဒေါ်လှငြိမ်းပွဲရုံ) ဦးအေး၊ ဦးမောင်ဖြူ (ရွှေမိသားစု)

ဝမ်းမြောက်စကား မုဒိတာပွား

နိုင်ငံတော်မှ နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့တွင် အမိန့်အမှတ်(၁/၂၀၀၈)ဖြင့်
သီရိသုဓမ္မမဏိဇောတဓရ သာသနာ့ဒါယကာကြီး 'ဦးစိုးဟန်လင်း'အား
'အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ' ဘွဲ့တံဆိပ် ချီးမြှင့်ခံရသည့်အတွက် လိုက်လှဲစွာ
ဂုဏ်ယူဝမ်းမြောက်ဖြစ်မိပါကြောင်းနှင့် သက်ရှည်ကျန်းမာချမ်းသာစွာဖြင့်
သာသနာအကျိုး ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း
မေတ္တာလောင်း၍ ဆုတောင်းလိုက်ပါသည် . . .

ပြည်နယ်နှင့်တိုင်းအသီးသီးမှ တိပိဋကဓမ္မရက္ခိတဗိမာန်တော်၌ သီတင်းသုံးလျက်ရှိသည့်
ပိဋကတ်သုံးပုံ စာပြန်/စာဖြေသံဃာတော်များအမှူးပြုသော ဓမ္မမိတ်ဆွေများ

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈)ဖြင့် **"သုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်ကို ချီးမြှင့်ခြင်းခံရသော **ခန့်စည်သူ (ရုပ်ရှင်နှင့် ဗီဒီယို သရုပ်ဆောင်)** အား ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် အနုပညာလုပ်ငန်းများကို တိုးတက်အောင်မြင်၍ (၇)ရက်သားသမီး ပရိသတ်များ ကိုယ်စား နိုင်ငံအကျိုး၊ သာသနာအကျိုးများကို ဆတက်ထမ်းပိုးတိုးတက် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သဃ်န်းကျွန်း ဗိုနမာန်အောင်စေတီတော်ဂေါပကအဖွဲ့
ဓမ္မဝိဟာရပထမကျော် စာသင်တိုက်နှင့်
ဓမ္မရိပ်သာ အကျိုးတော်ဆောင်အဖွဲ့

အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ ဖြင့် "သီရိသုဓမ္မမဏိဇောတဓရ ဦးဘိုကြီး" (ရွှေပဒေသာ ပြည်လုံးချမ်းသာဆေးတိုက်၊ ရှမ်းပြည်နယ်) အား "အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်ကို ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အသက်ရာကျော်ရှည်၍ ချစ်သောမိသားစုနှင့်အတူ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် နိုင်ငံ့အကျိုး၊ သာသနာ့အကျိုး၊ ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းလျက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ချစ်ဇနီး ဒေါ်သန်းသန်း (သီရိသုဓမ္မသိင်္ဂီ)

ချစ်သား/ချစ်သမီး – မောင်အောင်ဘိုဦး၊ မမိုးမိုးမြင့်ဘို၊ မောင်ဘိုဝင်းမြတ်၊ မအေးမြင့်မြတ်ဘို

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ဖြင့် စံပြရွှေငါးကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ **ဦးအာဝါး(ခ)ဦးထွန်းဝင်းအား "သုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။ လာမည့်အနာဂတ် ကာလများတွင်လည်း နိုင်ငံအကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ကိုခင်ဝင်း + မနန်းစိုး	**ကိုအောင်ဇော်လတ်+မနှင်းနှင်းရွှေ**
ဦးသိန်းထွန်း+မဥမ္မာတင့်	**ကိုသန်းစိုး+မလေးနွယ်**
ကိုမျိုးအောင်+မတိုးတိုးဝင်း	**ကိုချစ်ကို+မသင်းယုယုစိမ့်**
ကိုညီညီစိုး+မအေးအေးမိုး	**ကိုဝတုတ်+မအေးအေးမော်**
ကိုအေးကျော်+မသန်းသန်းဆင့်	**ကိုတင့်ဝေထွန်း**
ကိုမျိုးဇော်လတ်+မမြမြသွေး	**မချိုချိုမာ**
ကိုအောင်ကိုလွင်+မသူဇာအောင်(ခ)မိပုံ့	**မချယ်ရီထွန်း**
ကိုအောင်သက်နိုင်+မအေးအေး	**မအိသက်**

(စံပြရွှေငါးကုမ္ပဏီလီမိတက်)မှဝန်ထမ်းများ

အမည်ပြောင်းခြင်း

အဖ ဦးမျိုးချစ်၏ သားဖြစ်သူ ကျွန်တော် အောင်ပြည့်ဖြိုးချစ် [၁၄/သပန(နိုင်) ၀၈၁၈၇၅] အား ယနေ့မှစ၍ အောင်ဖြိုးခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်အောင်ဖြိုးခန့်**

အမည်ပြောင်းခြင်း

အဖ ဦးမြင့်သိန်း၏ သား ဖြစ်သူ ကျွန်တော် ရာဇာမင်းသိန်း [၈/မဘန(နိုင်) ၀၇၃၈၇၁] အား ယနေ့မှစ၍ ရန်နိုင်သိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ရန်နိုင်သိန်း**

အမည်ပြောင်းခြင်း

အဖ ဦးရွှေသိန်း၏ သားဖြစ်သူ ကျွန်တော် မင်းမျိုးမြင့်သိန်း [၁၀/မဒန(နိုင်) ၁၄၁၀၈၀] အား ယနေ့မှစ၍ မျိုးမြင့်သိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်မျိုးမြင့်သိန်း**

အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

ဖေဖေ **ဦးချစ်မောင်** (ခြောက်သုံးလုံးဒန်သတ္တုလုပ်ငန်း)သည် နိုင်ငံတော်က ချီးမြှင့်သော **"သုဓမ္မမဏိဇောတဓရ"** ဘွဲ့ ရရှိခြင်းအတွက် အထူးဂုဏ်ယူ ဝမ်းမြောက်မိပါသည်။ နောက်နောင်တွင်လည်း သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ဇနီး	**–**	**ဒေါ်ခင်သန်းငွေ (ခြောက်သုံးလုံး ဒန်သတ္တုလုပ်ငန်း)**
ချစ်သမီး	**–**	**မလှလှငွေ (B.Sc.,Maths, Dip.,C.Sc)**
ချစ်သားများ	**–**	**မောင်ခင်မောင်အေး (B.A, History)**
		မောင်မောင်မောင်သွင် (B.Sc, Maths)
		ဒေါက်တာစိုးဝင်းမောင် (B.D.S, Ygn)
		မောင်လင်းသိန်းငွေ (1st M.B)

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ ချည်မျှင်နှင့် အထည်စက်ရုံ (ပွင့်ဖြူ)အတွက် လွန်းမဲ့ ရက်ကန်းစက် (Rapier Loom)၏ စက်အရန်ပစ္စည်း (၁၆)မျိုးနှင့် ကုန်ကြမ်းချည် (Textured Yarn) ပေါင် ၂၀၀၀၀ အား နိုင်ငံခြားငွေ/ပြည်တွင်းကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ ချိပ်ပိတ်တင်ဒါပေးသွင်းမှုကို အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ နေပြည်တော်သို့ (၂၃-၁-၂၀၀၈)ရက် ၁၆:၀၀နာရီတွင် နောက်ဆုံးပေးသွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို (၁၄-၁-၂၀၀၈) ရက်နေ့မှစတင်၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့အထည်အလိပ်လုပ်ငန်း(စီမံကိန်းဌာန)
ရုံးအမှတ်(၃၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၇၀၊ ဖက်စ်-၀၆၇-၄၀၈၃၃၈

ပညာရေး အခွင့်အလမ်း

သင့်ရင်သွေးလေးရဲ့ အနာဂတ်ပညာရေးအတွက် အခြေခံကောင်းကောင်း၊ စည်းကမ်းကောင်းကောင်း၊ လက်ရေးလက်သားကောင်းကောင်းနဲ့ ဉာဏ်ရည်တိုးတက်စေဖို့ဆိုရင် ဒေါ်ရီရီရှိန်(Noe Toe) တိုက်(၂၀၀-၂၀၈)၊ အခန်း(၂၀၂)၊ (၃)လွှာ၊ ၃၅လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၂၄၉၁၇၉ ကို ဆက်သွယ်ပါ။

(အသက် ၄ နှစ်မှ ၅ နှစ်အတွင်း ကလေးများသာ)

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ် လူသစ် ဘဝသစ်

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၈)ဖြင့် **"ဦးသိန်းအောင်"** (ရွှေလမင်းပေါင်းနို့ဆီစက်ရုံ) ရွှေပြည်ရန်လုံရပ်ကွက် ပျော်ဘွယ်မြို့ မန္တလေးတိုင်းအား **"သုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ် ချီးမြှင့်ခံရသည့်အတွက် နိုင်ငံ့အကျိုး၊ သာသနာအကျိုး ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ဦးတင်ဝင်း	**ဦးတင်မောင်ဦး**
(ရွှေစကြာနို့ဆီ)	**(ရွှေအုန်းနို့ဆီ)**
စမ်းချောင်း၊ ရန်ကုန်မြို့	**အင်းစိန်၊ ရန်ကုန်မြို့**

ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာ ဘောလုံးကွင်းအတွင်း ဗုံးတစ်လုံးပေါက်ကွဲ ဗုံးခွဲရန်ပြင်ဆင်သူ KNU အကြမ်းဖက်သောင်းကျန်းသူတစ်ဦး သေဆုံး သောင်းကျန်းသူအမာခံတစ်ဦးအား ဖမ်းဆီးရမိ၊ အပြစ်မဲ့ပြည်သူ လေးဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၁၂

ပဲခူးတိုင်း ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာ ဘောလုံးကွင်းအတွင်း ယမန်နေ့ညက ဗုံးတစ်လုံးပေါက်ကွဲပြီး ဗုံးခွဲရန်ပြင်ဆင်သူတစ်ဦး သေဆုံး၍ အပြစ်မဲ့ပြည်သူလေးဦး ထိခိုက်ဒဏ်ရာရရှိကာ သောင်းကျန်းသူအမာခံတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ညောင်ပင်သာကျေးရွာ ဘောလုံးကွင်းအတွင်းကျင်းပသော လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဦးမောင်မောင်ဆပ်ကပ်ပြပွဲအနီး၌ ဇန်နဝါရီ ၁၁ ရက် ည ၇ နာရီခွဲခန့်တွင် ဗုံးတစ်လုံးပေါက်ကွဲခဲ့ပြီး ဗုံးဖောက်ခွဲရန်ပြင်ဆင်သူ KNU အကြမ်းဖက်သောင်းကျန်းသူတစ်ဦး သေဆုံးခဲ့သည်။

ဗုံးပေါက်ကွဲမှု ဖြစ်လျှင်ဖြစ်ချင်း ထွက်ပြေးသဖြင့် ပြည်သူလူထုက ဝိုင်းဝန်းဖမ်းဆီးခဲ့သည့် ကျောက်ကြီးမြို့နယ် တပ်ကုန်းကျေးရွာနေ စောရမကီးအား တွေ့ရစဉ်။ (အပေါ်ပုံ) **ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသွားသည့် ဗုံးဖောက်ခွဲရန် ပြင်ဆင်သူ KNU အကြမ်းဖက်သောင်းကျန်းသူ တပ်မဟာ(၃) ရင်း(၈)မှ ဆက်ကြေးတာဝန်ခံ တပ်ကြပ် အဆင့်ရှိ စောဒီသောမူးအား တွေ့ရစဉ်။** (ယာပုံ) (သတင်းစဉ်)

သေဆုံးသူမှာ အသက် (၂၅)နှစ်ခန့်အရွယ်ရှိပြီး ၎င်း၏ကိုယ်ပေါ်တွင် ချိုင်းသိုင်းအိတ်ဖြင့် ထည့်ထားသော အမေရိကန်နိုင်ငံလုပ် ပွိုင့် ၂၂ ဆံ့လည်ခြောက်လုံးပြူး သေနတ်တစ်လက်၊ ကျည်တောင့် (၂၀)နှင့် ယမ်းတုံး နှစ်တုံးဖြင့် ပြုလုပ်ထားသော ဗုံးတစ်လုံးတို့ကိုလည်း သိမ်းဆည်းရမိခဲ့သည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❍

သေဆုံးသွားသည့် KNU အကြမ်းဖက်သောင်းကျန်းသူ စောဒီသောမူးထံမှ သိမ်းဆည်းရမိသော ချိုင်းသိုင်းအိတ်၊ သေနတ်၊ ကျည်ဆန်နှင့် ယမ်းတုံးတို့ကို တွေ့ရစဉ်။ (အပေါ်ပုံနှင့် အောက်ပုံ) (သတင်းစဉ်)

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား